# ကြေးမုံ

*The Mirror Daily*

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တပို့တွဲလကွယ်၊ စနေနေ့။ Saturday, 25 February 2017 (၈၈၄၈)


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိ အကျိုးစီးပွားတိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

## နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဆွီဒင်နိုင်ငံလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

သတင်း စာမျက်နှာ - ၃



## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ရုရှားနှင့်ဆွီဒင် ဧည့်သည်အဖွဲ့များအား သီးခြားစီလက်ခံတွေ့ဆုံ

သတင်း စာမျက်နှာ - ၃



# အလုပ်အကိုင်အခွင့်အလမ်း လေးသောင်းကျော်ဖန်တီးပေးနိုင်မည့် သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(ခ) စီမံကိန်းတည်ဆောက်မှုစတင်



သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(ခ)စီမံကိန်းတည်ဆောက်မှု စတင်ခြင်းအခမ်းအနားကို မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်မြို့နှင့် ကီလိုမီတာ ၂၀ အကွာအဝေးတွင်တည်ရှိသည့် သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(ခ)စီမံကိန်းတည်ဆောက်မှု စတင်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သီလဝါအထူးစီးပွားရေးဇုန်၌ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❐

## အသက်ဘေးအန္တရာယ်မငဲ့ကွက်ဘဲ သေနတ်သမား ဖမ်းဆီးရမိရေး ကြိုးပမ်းအားထုတ်ခဲ့သော ဦးနေဝင်းအား ဇန်နဝါရီလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ်ရွေးချယ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံသူ နိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုအသင်းအဖွဲ့များမှ လစဉ်ချီးကျူးဂုဏ်ပြုထိုက်သူများကိုရွေးချယ်၍ "ပြည်သူသို့ကျေးဇူးတင်လွှာ" ထုတ်ပြန်ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ဇန်နဝါရီ ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဧရိယာအတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဥပဒေအကြံပေးဖြစ်သူ တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်သမားကြည်လင်းက လုပ်ကြံသတ်ဖြတ်မှုဖြစ်စဉ်တွင် သေနတ်သမားအား ဖမ်းဆီးရမိရေးအတွက် မိမိအသက်ကိုပဓာနမထားဘဲ စွမ်းစွမ်းတမံ ဆောင်ရွက်ပေးခဲ့သည့် ဦးနေဝင်းကို ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်လိုက်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ဖေဖော်ဝါရီ ၂၃ ရက် ရက်စွဲဖြင့် ထုတ်ပြန်ထားသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖




# ကြေးမုံ

## တစ်သက်တာပညာ ဆည်းပူးလေ့လာ

အသက်အရွယ်ရပြီးသူအများစုသည် မိမိကိုယ်ကိုမိမိ တတ်ပြီးသား၊ သိပြီးသားဟု ထင်မှတ်ကြသည်။ အထူးသဖြင့် ပညာတစ်ရပ်ကို အတိုင်းအတာတစ်ခုအထိ သိမြင်တတ်မြောက်ပြီးသူများအနက် ဂုဏ်ဒြပ်ရှိသူတို့သည် မိမိသာသိ၊ မိမိသာတတ်၊ မိမိသာမှန်သည်ဟု ထင်မှတ်တတ်ကြသည်။ အမှန်တကယ်တွင် ပညာဟူသည်မှာ ဆည်းပူး၍မကုန်သော အပြောကျယ်သည့် ပင်လယ်ကြီးသာတည်း။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပညာသင်ယူခြင်း၊ ပညာဆည်းပူးခြင်းနှင့်ပတ်သက်၍ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)စတင်ဆောင်ရွက်ခြင်းအခမ်းအနားတွင် အားလုံးတတ်ပြီ၊ အားလုံးသိပြီဟု ထင်သည့်ပုဂ္ဂိုလ်များသည် မည်သို့မျှဆက်ပြီး သင်ယူ၍ရမည်မဟုတ်ပါကြောင်း၊ သင်ယူချင်သည့်စိတ်ဓာတ်က ဘယ်ကစသနည်းဆိုလျှင် မိမိမှာသိစရာ အများကြီးရှိသေးသည်ဆိုသည့် နှိမ့်ချခြင်းမှ စတင်ပါကြောင်း ပြောကြားခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံတွင် ပြောင်းလဲခြင်းကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ပြောင်းလဲခြင်းကို ဆောင်ရွက်ရာတွင် အသိပညာသည်အရေးကြီး၏။ မှန်ကန်သောအသိပညာဖြင့် ပြောင်းလဲခြင်းကို ဆောင်ရွက်မှသာ လိုရာခရီးပန်းတိုင်ကို မှန်မှန်ရောက်နိုင်မည်ဖြစ်၏။ လူကြီးများမှာ မိမိတို့အနေဖြင့် သိပြီး၊ တတ်ပြီးအထင်ရှိပြီး လုပ်ကိုင်ဆောင်ရွက်တတ်၍ ထင်သလောက်ခရီးမပေါက် ဖြစ်နိုင်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောင်းလဲခြင်းကို ပညာရေးမှ စတင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့၏။ ထို့ကြောင့် အမျိုးသားပညာရေး မဟာဗျူဟာ ငါးနှစ်စီမံကိန်းကို ယခုစတင်နေသည်ကို တွေ့ရသည်။ ထိုစီမံကိန်းကို ဦးဆောင်အကောင်အထည်ဖော်နေသူအားလုံးသည် မိမိတို့ကိုယ်တိုင် သင်ယူစရာများ များစွာရှိနေသေးသည်ကို အသိပေးထားသည်။

ပညာအဆင့်အတန်းနိမ့်ခြင်း၊ မြင့်ခြင်းသည် ပညာယူသူထက် ပညာပေးနိုင်မည့်သူများ ပညာမြင့်မားရန် အထူးလိုအပ်၏။ ပညာပြည့်ဝ နှလုံးလှ ဆိုသကဲ့သို့ ပညာပေးသူတွင် ပြည့်ဝသည့်ပညာရည်ရှိမှသာ ပညာယူသူမှာလည်း အရည်အချင်းပြည့်ဝပြီး လှပသောနှလုံးသားများ ပိုင်ဆိုင်နိုင်လိမ့်မည်။ ထို့ကြောင့် လာမည့်ငါးနှစ်တာကာလတွင် ကျောင်းသားကျောင်းသူ၊ လူငယ်လူရွယ်များနှင့်အရွယ်ရောက်သူများ ဘဝတစ်သက်တာပညာဆည်းပူးနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန် မြန်မာနိုင်ငံ၏ပညာရေးစနစ်ကို အဓိကထား ပြောင်းလဲနိုင်ရန် ဦးတည်ထားသည်။

ဘဝတစ်သက်တာပညာဟုဆိုသဖြင့် သင်ယူသူသာမက သင်ပေးမည့်သူများပါ သင်ယူလိုစိတ်ရှိနေရမည်ဖြစ်သည်။ သို့မှသာ လူတိုင်းလူတိုင်း တစ်သက်တာလုံး ပညာဆည်းပူးနိုင်မည်ဖြစ်သည်။ လူကြီးနှင့်လူငယ်တွင် သင်ယူစိတ်မှာ လူငယ်များတွင်နိုးကြားပြီးသားဖြစ်၍ ဆိုဖွယ်ရာမရှိသော်လည်း လူကြီးများမှာ မိမိတို့သိပြီး၊ တတ်ပြီး အထင်ရောက်တတ်၍ ရည်မှန်းချက်နှင့် အလှမ်းဝေးနိုင်သည်ကို သတိမူရမည်ဖြစ်သည်။

ထို့ကြောင့် ပညာရှာ သူဖုန်းစားကဲ့သို့ မိမိကိုယ်ကိုမိမိနှိမ့်ချကာ စဉ်ဆက်မပြတ်သင်ကြားနေရမည်ဖြစ်သည်။ ပညာဟူသည် မည်သည့်အခါမျှ ပြီးပြည့်စုံသည်ဟူ၍မရှိသဖြင့် တစ်သက်တာလုံးပညာရှာဖွေဆည်းပူးနေမည် ဟူသည့်စိတ်ထားကို မွေးမြူထားကြရမည်ဖြစ်သည်။ ပညာကိုဆည်းပူးရာတွင် ဘာသာရပ်ဆိုင်ရာပညာရပ်တစ်ခုတည်းအား မရှုမြင်ဘဲ မိမိတို့နိုင်ငံအခြေအနေ၊ မိမိတို့နိုင်ငံလိုအပ်ချက်၊ မိမိတို့နိုင်ငံ၏ ရင်ဆိုင်နေရသောစိန်ခေါ်မှုများကို နားလည်သိမြင်ပြီး လိုအပ်သည့်ပညာကို ဆုံးခန်းတိုင်ရောက်အောင် လေ့လာဆည်းပူးသွားကြရမည် ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရတစ်ရပ်က အဓိကဆောင်ရွက်ပေးရမည်ဖြစ်သော်လည်း ပြည်သူလူထုတစ်ရပ်လုံးကလည်း ပူးပေါင်းပါဝင်ပြီး စဉ်ဆက်မပြတ် ပညာများတတ်မြောက်နေအောင် ကြိုးပမ်းဆောင်ရွက်ကြမည်ဟူသည့် ယုံကြည်ချက်၊ ခံယူချက် စေတနာများဖြင့် ဆောင်ရွက်ကြမှသာ ရည်မှန်းထားသည့်ပန်းတိုင်ကို မလွဲမသွေရောက်ရှိနိုင်မည်ဖြစ်သည်။ ။

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာ ခံယူလုပ်ဆောင်ရေး။

☆ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်

**သာယာဝတီ ဖေဖော်ဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့ ဈေးပိုင်းရပ်ကွက် ဘူတာအနီးတွင် ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁ ဒသမ ၆ မိုင်နှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၂၇ မိုင် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးညီညီထွန်း ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက တည်ဆောက်ခဲ့ရာ ဖေဖော်ဝါရီ ၂၃ ရက်တွင် လုပ်ငန်းအားလုံး ပြီးစီး၍ ဓာတ်အားပို့လွှတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းပြီး ပြည်သူများ ဗို့အားပြည့်ဝစွာ သုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ (၄၉၇)

## နွေရာသီကျောင်းပိတ်ရက် မြန်မာ့ရိုးရာခြင်းလုံး(အခြေခံ)အားကစားသင်တန်း ဖွင့်လှစ်မည်

**မုံရွာ ဖေဖော်ဝါရီ ၂၄**



ယခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် အခြေခံပညာ ကျောင်းသား ကျောင်းသူများကို မြန်မာ့ရိုးရာခြင်းလုံး (အခြေခံ) အားကစားသင်တန်းကို ပထမအကြိမ်အဖြစ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့ရိုးရာ ခြင်းလုံးအားကစားနည်းကို ထည့်သွင်းကျင်းပရာမှ နိုင်ငံအတော်များများမှ စိတ်ပါဝင်စားလာသည့်အပြင် ဖိတ်ခေါ်ပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ မျိုးဆက်သစ်အားကစားသမားများ အဆက်မပြတ် ပေါ်ထွန်းလာစေရေးကို အထောက်အကူဖြစ်စေရန်၊ မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းကို လူငယ်ထုအတွင်းမှာ စိတ်ဝင်စားမှုရှိစေရန်အတွက် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ့ရိုးရာ ခြင်းလုံးအားကစားနည်း(အခြေခံ)သင်တန်းကို မတ် ၁ ရက်မှ ၃၁ ရက်အထိ မုံရွာမြို့ တိုင်းဒေသကြီး အားကစားကွင်းအတွင်းရှိ မြန်မာ့ရိုးရာ ခြင်းလုံးအားကစားရုံတွင် နေ့စဉ် နံနက် ၇ နာရီမှ ၉ နာရီအထိ ခြင်းလုံးအားကစားနည်း အခြေခံ ထိ(၆)ချက်ကို သင်ကြားပေးသွားမည်ဖြစ်ပြီး တက်ရောက်လိုသည့် အသက်(၁၂)နှစ်မှ (၁၅)နှစ်အတွင်းရှိ အခြေခံပညာအလယ်တန်း၊ အထက်တန်း ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

❒

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်(ရွှေဈေး) ၈၉၈၅၀၀ - ၈၉၈၅၀၀    မန္တလေး(ရွှေဈေး) ၈၉၈၅၀၀ - ၈၉၈၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၄၀/ ၇၆၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၆၀/၇၇၀ ကျပ်၊ | ၈၇၀/၈၈၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၂၀/၇၃၅ ကျပ်၊ | ၇၈၀/၈၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၃၀/၇၄၅ ကျပ်၊ | ၇၆၅/၇၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၆၈ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၉၁ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၆၈၃ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၃၃. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇. ၆၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈. ၈၄၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၅. ၁၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၃၀၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၉၉. ၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉. ၁၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၆. ၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၈. ၇၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဆွီဒင်နိုင်ငံလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဆွီဒင်နိုင်ငံ Riksdag လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Urban Ahlin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ ပိုမိုတိုးမြှင့်ရေး၊ ဆွီဒင်နိုင်ငံနှင့် မြန်မာနိုင်ငံ သတ္တု၊ သစ်တောကဏ္ဍ အပါအဝင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဆွီဒင်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီနိုင်ငံတည်ဆောက်မှုကို ထောက်ခံအားပေးကြောင်းနှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကူညီပံ့ပိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဆွီဒင်နိုင်ငံ Riksdag လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Urban Ahlin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရုရှားနှင့် ဆွီဒင် ဧည့်အဖွဲ့ များအား သီးခြားစီလက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ Mr. Mikhail A. Dmitriev ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ ဆွီဒင်နိုင်ငံ Riksdag လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Urban Ahlinအား ညနေ ၃ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ ဆွီဒင်နိုင်ငံ Riksdag လွှတ်တော်ဥက္ကဋ္ဌနှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ၊ မြန်မာ-ဆွီဒင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ Mr. Mikhail A. Dmitrievတို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

# ဆွီဒင်-မြန်မာ လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဆွီဒင်နိုင်ငံ Riksdag လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Urban Ahlin ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီအဖွဲ့ဝင် ဒေါ်ဝင့်ဝါထွန်း၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဒေါ်ယဉ်မင်းလှိုင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ဦးနေလင်းထွန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံသံအမတ်ကြီး H.E. Mr. Staffan Herrstrom တက်ရောက်သည်။

ထိုသို့တွေ့ဆုံစဉ် ဆွီဒင်-မြန်မာ လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်၏ ဥပဒေပြုရေးနှင့် ဥပဒေရေးရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် လွှတ်တော်အဆောက်အအုံ၊ ထမင်းစားခန်းမဆောင်၌ ဧည့်သည်တော် ဆွီဒင်နိုင်ငံ Riksdag လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံရာ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မတီအဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးများမှတာဝန်ရှိသူများ တက်ရောက်ကြသည်။



နေ့လယ်စာစားပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဧည့်သည်တော် ဆွီဒင်နိုင်ငံ Riksdag လွှတ်တော်ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။

**(သတင်းစဉ်)**

❒

# ကမ္ဘာ့အကြီးကျယ်ဆုံးသော နျူလက်နက်တိုက် အမေရိကန်သာပိုင်ဆိုင်သင့်ဟု သမ္မတ ထရန့်ပြော




**ဝါရှင်တန် ဖေဖော်ဝါရီ ၂၄**
အမေရိကန်ပြည်ထောင်စု၏ နျူကလီးယားလက်နက်တိုက်သည် ကမ္ဘာပေါ်တွင် အကြီးကျယ်ဆုံးသော နျူလက်နက်တိုက်အဖြစ် ရပ်တည်စေလိုကြောင်း၊ အမေရိကန်ပြည်ထောင်စုသည် လက်နက်စွမ်းပကားအရ အခြားမည်သည့် နိုင်ငံနှင့်မဆို နှိုင်းယှဉ်ပါက နောက်တန်းကျခံမည်မဟုတ်ကြောင်း သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားလိုက်သည်။

မြောက်ကိုရီးယား၏ ပဲ့ထိန်းဒုံးကျည် ပစ်ခတ်စမ်းသပ်မှုများနှင့်ပတ်သက်၍ မိမိအလွန်အမင်း ဒေါသထွက်မိကြောင်း၊ ယင်းနိုင်ငံ၏ အပြုအမူကို တန်ပြန်နိုင်ရေးအတွက် လုပ်ဆောင်နိုင်မည့် နည်းလမ်းများတွင် ဂျပန်နှင့်တောင်ကိုရီးယားတို့၌ အမေရိကန်၏ ဒုံးခွင်းဒုံးများကို ဖြန့်ကြက်ရေးပါဝင်ကြောင်း သမ္မတ ထရန့်က ရိုက်တာသတင်းဌာန၏ လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။

ရုရှားနိုင်ငံသည် ၁၉၈၇ ခုနှစ် လက်နက်ထိန်းချုပ်ရေးစာချုပ်တစ်ရပ်ကို ချိုးဖောက်လျက် ခရုဇ်ဒုံးကျည်သစ်တစ်လုံးကို ဖြန့်ကြက်ခဲ့ကြောင်း၊ အကယ်၍ ရုရှားသမ္မတဗလာဒီမာပူတင်နှင့် တွေ့ဆုံခွင့်ရရှိမည်ဆိုပါက ခရုဇ်ဒုံးကျည်ဖြန့်ကြက်မှုနှင့် ပတ်သက်၍ မိမိဆွေးနွေးလိုကြောင်း ထရန့်က ပြောကြားသည်။

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး) မဟာမိတ်နိုင်ငံများအနေဖြင့် ၎င်းတို့၏ ကာကွယ်ရေးအတွက် ရန်ပုံငွေ ပိုမိုထည့်ဝင်ကြရေးကို မိမိတိုက်တွန်းခဲ့ပြီး လုံခြုံရေးအသုံးစရိတ်များအား မျှဝေထည့်ဝင်ကြခြင်းဖြင့် အမေရိကန်၏ ဘတ်ဂျက်အပေါ် ဝန်ထုပ်ဝန်ပိုး ဖြစ်စေမှုကို သက်သာစေမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ရိုက်တာ။**

# ဆော်ဒီအာရေဗျဘုရင် မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားမည်



**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၄**
မလေးရှားနိုင်ငံနှင့် ဆော်ဒီအာရေဗျနှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရန်နှင့် ကုန်သွယ်မှုကဏ္ဍများပိုမို ပွင့်လင်းလာစေရန် ရည်ရွယ်ပြီး ဆော်ဒီအာရေဗျဘုရင် ဆာမန် ဘင် အဒူလာဇီ အယ်လ်ဆတ်သည် မလေးရှားနိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်မည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဘုရင်ဆာမန် ဘင် အဒူလာဇီ အယ်လ်ဆတ်သည် နှစ်နိုင်ငံချစ်ကြည်ရေးခရီးအဖြစ် မလေးရှားနိုင်ငံသို့ ဖေဖော်ဝါရီ ၂၆ ရက်တွင် ရောက်ရှိမည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်ခ်က ဆိုသည်။

ချစ်ကြည်ရေးခရီးစဉ် အတွင်း နှစ်နိုင်ငံအနေဖြင့် နားလည်မှုစာချွန်လွှာများနှင့် သဘောတူညီမှုစာချုပ်များ လက်မှတ်ရေးထိုးမည်ဖြစ်သည်။ ၎င်းတို့အနက် ဆော်ဒီအာရေဗျနိုင်ငံ၏ အကြီးဆုံး ရေနံကုမ္ပဏီတစ်ခုနှင့်လည်း သဘောတူညီမှုစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးမည်ဖြစ်သည်။

အဆိုပါ လက်မှတ်ရေးထိုးမည့် သဘောတူညီမှုများသည် နှစ်နိုင်ငံပြည်သူများအတွက် များစွာအကျိုးပြုမည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်ခ်က ဆိုသည်။

အရှေ့အလယ်ပိုင်းတွင် ဆော်ဒီအာရေဗျနိုင်ငံသည် မလေးရှားနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်သွယ်ရေးမိတ်ဖက်နိုင်ငံဖြစ်သည်။ နှစ်နိုင်ငံကုန်သွယ်မှုသည် ၂၀၁၆ ခုနှစ်ကစပြီး လက်ရှိအချိန်ထိ ရာခိုင်နှုန်းအားဖြင့် ၁၉ ဒသမ ၈ ရာခိုင်နှုန်း၊ ငွေကြေးပမာဏအားဖြင့် ၁၃ ဒသမ ၁၂ ဘီလီယံ ရင်းဂစ်(အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၅ ဘီလီယံ)ထိ မြင့်တက်လာကြောင်း မလေးရှားအစိုးရအဖွဲ့၏ စစ်တမ်းများအရသိရသည်။

**ဆင်ဟွာ။**

# ကင်ဂျုံနမ်သေဆုံးမှုနှင့်ပတ်သက်ပြီး အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားသံတမန်များ ဆွေးနွေးမည်

**ဆိုးလ် ဖေဖော်ဝါရီ ၂၄**
မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်ဖွံ့ဖြိုးမှုကို စောင့်ကြည့်အကဲခတ်နေသည့် အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယား သံတမန်များသည် လွန်ခဲ့သော ရက်သတ္တပတ်က လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ ဖအေတူ အမေကွဲ ညီအစ်ကိုတော်စပ်သူ ကင်ဂျုံနမ်သေဆုံးမှုနှင့်ပတ်သက်ပြီး အမြင်ချင်းဖလှယ်တိုင်ပင်ဆွေးနွေးမည်ဖြစ်ကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၃ ရက်တွင် ပြောကြားခဲ့သည်။

ကိုရီးယားကျွန်းဆွယ်တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ တောင်ကိုရီးယားအထူးကိုယ်စားလှယ် ကင်ဟွန်ကျွန်းက ဂျပန်နှင့် အမေရိကန်အထူးကိုယ်စားလှယ်များဖြစ်သော ကန်ဂျီကန်နာဆူဂီနှင့် ဂျိုးဆပ်ယွန်းတို့အား အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင် တွေ့ဆုံမည်ဖြစ်သည်ဟု တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ချိုဂျွန်ချွခ်က ဆိုသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် မြောက်ကိုရီးယား၏ နျူကလီးယားဒုံးကျည်အသစ်တစ်မျိုး စမ်းသပ်ပစ်လွှတ်မှုအပါအဝင် ကင်ဂျုံနမ်သေဆုံးမှုနှင့်ပတ်သက်ပြီး ဆွေးနွေးကြမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ချိုဂျွန်ချွခ်က ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# ကင်ဂျုံနမ်အား လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် ဗွီအိပ်က်စ် အာရုံကြောအဆိပ်ကို အသုံးပြုခဲ့ဟုဆို

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၄**
မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် စိတ်ဝမ်းကွဲနေသော အဖေတူ အမေကွဲ ညီအစ်ကိုတော်စပ်သူ ကင်ဂျုံနမ်အား လုပ်ကြံသတ်ဖြတ်ရာတွင် ဗွီအိပ်က်စ် အာရုံကြောအဆိပ်ကို အသုံးပြုခဲ့ကြောင်း မလေးရှားရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားလိုက်သည်။

မလေးရှားရဲဌာနအောက်ရှိ ဓာတုလက်နက်သရုပ်ခွဲလေ့လာရေးဌာန၏ ပဏာမအစီရင်ခံစာအရ ကင်ဂျုံနမ်အား လုပ်ကြံသတ်ဖြတ်ရာတွင် အသုံးပြုခဲ့သောအဆိပ်မှာ ဗွီအိပ်က်စ် အာရုံကြောစနစ်ပျက်စီးစေသောအဆိပ်ဖြစ်သည်ဟု သိရှိရကြောင်း ရဲတပ်ဖွဲ့စစ်ဆေးရေးမှူးချုပ် ခါလစ်အဘူဘာကာက ပြောကြားသည်။


ကင်ဂျုံနမ်သည် ဖေဖော်ဝါရီ ၁၃ ရက်က မလေးရှားနိုင်ငံရှိ ကွာလာလမ်ပူနိုင်ငံတကာလေဆိပ်၌ ခရီးသည်တင်လေယာဉ်တစ်စင်းနှင့်အတူ လိုက်ပါရန် ရှိနေစဉ် လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည်။ အမျိုးသမီးနှစ်ဦးက ၎င်း၏မျက်နှာပေါ်သို့ အဆိပ်ရည်ဖြင့် ဖျန်းပက်ခဲ့သည်ဟု ရဲတပ်ဖွဲ့၏ စုံစမ်းလေ့လာချက်အရ သိရသည်။

လုပ်ကြံသတ်ဖြတ်ရာတွင် အသုံးပြုခဲ့သော လက်နက်မှာ ဗွီအိပ်က်စ် အာရုံကြောအဆိပ်ဖြစ်သည်ဟု ဓာတ်ခွဲလေ့လာသိရှိရကြောင်း ပဏာမအစီရင်ခံစာတွင် ဖော်ပြထားသည်။

သေဆုံးသူ ကင်ဂျုံနမ်၏ မျက်နှာနှင့်မျက်လုံးများသည် အဆိပ်သင့်ခဲ့ပြီး အာရုံကြော အဆိပ်ပစ္စည်းကို ရှာဖွေတွေ့ရှိခဲ့သည်ဆို၏။

ဗွီအိပ်က်စ် အာရုံကြောအဆိပ်မှာ ကုလသမဂ္ဂ၏ အစုလိုက်အပြုံလိုက်ဖျက်ဆီးစေနိုင်သော လက်နက်အမျိုးအစားတွင် စာရင်းသွင်းထားသောလက်နက်များတွင် ပါဝင်သည်။ အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် တားဆီးကာကွယ်ရေးဌာန(စီဒီစီ)၏အဆိုအရ ယင်းအဆိပ်ပစ္စည်းသည် အာရုံကြောဖျက်အဆိပ်များအနက် အပြင်းဆုံးအဆိပ်ဖြစ်သည်ဟု သိရသည်။ ဆာရင် အဆိပ်ထက်ပင် အဆိပ်ဓာတ်ပိုမိုပြင်းထန်ကြောင်း၊ လူ့အရေပြားပေါ်၌ ဗွီအိပ်က်စ်အဆိပ်ရည် တို့ထိမိပါက ချက်ချင်းရေဖြင့် ဆေးကြောသုတ်သင်နိုင်ခြင်းမရှိပါက လူကို သေဆုံးစေကြောင်း စီဒီစီ၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

လူ့အရေပြားပေါ်သို့ အဆိပ်ရည် ၁၀ မီလီဂရမ်ရောက်ရှိရုံမျှဖြင့် လူကို သေဆုံးစေနိုင်ကြောင်း သတင်းတွင် ဖော်ပြထားသည်။ **ရိုက်တာ။**



# ဆီးရီးယားနိုင်ငံ အယ်လ်ဘက်မြို့မှ ဆုတ်ခွာပြီဟု အိုင်အက်စ် စစ်သွေးကြွအဖွဲ့က ထုတ်ပြန်ကြေညာ

**ဒမတ်စကတ် ဖေဖော်ဝါရီ ၂၄**
တူရကီအစိုးရတပ်ဖွဲ့များနှင့် ယင်းတပ်ဖွဲ့များ၏ မဟာမိတ်ဆီးရီးယားသူပုန်အဖွဲ့များက သိမ်းယူလိုက်သော အယ်လ်ဘက်မြို့မှ အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့(အိုင်အက်စ်) စစ်သွေးကြွများ ဆုတ်ခွာသွားပြီဟု ယင်းအဖွဲ့က ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း အာရပ်ကမ္ဘာအယ်လ်မေရာဒန် ရုပ်မြင်သံကြားဌာနက ဖေဖော်ဝါရီ ၂၄ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ယူဖရေတီးစ်ဒိုင်းလွှားဟု အမည်ပေးထားသည့်စစ်ဆင်ရေးဖြင့် တူရကီတပ်ဖွဲ့များနှင့် ယင်း၏မဟာမိတ် ဆီးရီးယားသူပုန်အဖွဲ့များက ရက်ပေါင်း ၁၀၀ ကြာ တိုက်ခိုက်ခဲ့ပြီးနောက် ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိ အိုင်အက်စ်စစ်သွေးကြွများ၏ အဓိက ခြေကုပ်စခန်းမှ ၎င်းတို့ဆုတ်ခွာသွားခဲ့ခြင်းဖြစ်သည်။ အယ်လ်ဘက်မြို့သည် တူရကီနှင့်ဆီးရီးယား နှစ်နိုင်ငံနယ်ခြားဒေသအနီးတွင် တည်ရှိသည်။

တူရကီစစ်သားများနှင့် ၎င်းတို့၏မဟာမိတ်သူပုန်တိုက်ခိုက်ရေးသမားဦးရေ ၄၀၀ ခန့်ကို သတ်ဖြတ်နိုင်ခဲ့သည်ဟု အိုင်အက်စ်အဖွဲ့က ကြေညာသည်။

အယ်လ်ဘက်မြို့၏ မြောက်ပိုင်းဒေသကို တူရကီတပ်ဖွဲ့ဝင်များ သိမ်းယူနိုင်ခြင်းသည် ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် ကာ့ဒ်တပ်ဖွဲ့များ၏ ဩဇာအာဏာချဲ့ထွင်မှုကို ဖြတ်တောက်နိုင်ခြင်းဖြစ်သည်ဆို၏။ **ဆင်ဟွာ။**

# ပြည်ပချေးငွေ ယူရို ၅ သန်းအား စနစ်တကျအကျိုးရှိစွာ သုံးစွဲရန်လိုအပ်ကြောင်းနှင့် ငွေချေးယူသည့်ကိစ္စအား ထောက်ခံ

နေပြည်တော်　　ဖေဖော်ဝါရီ　၂၄

**နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်) တိုးတက်ကောင်းမွန်ရေးစီမံကိန်းဆောင်ရွက်ရန်အတွက် ဂျာမနီနိုင်ငံ KfW Development Bank ထံမှ ယူရို ၅ သန်း ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့တွင် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။**


ယင်းကိစ္စနှင့်စပ်လျဉ်း၍ တပ်မတော်သားအမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး မြင့်ဆွေက စီမံကိန်း လုပ်ငန်းကို ဆောင်ရွက်ခြင်းအားဖြင့် သက်တမ်းအရ စွမ်းအားပြည့်အသုံးပြုနိုင်ခြင်းမရှိသည့် စက်ခေါင်းများ နှင့် ရပ်ဆိုင်းထားရသောစက်ခေါင်းများ စွမ်းအားပြည့် အသုံးပြုနိုင်ပြီး ရထားပြေးဆွဲမှု တိုးမြှင့်လာခြင်း၊ ခေတ်မီဘီးခုတ်စက်များဖြင့် အရည်အသွေးမီ ခုတ်စား ပေးခြင်းအားဖြင့် ရထားသွားလာရေးမထိခိုက်စေဘဲ လျင်မြန်စေခြင်းနှင့် ခရီးသွားပြည်သူများ၏ အသက် အန္တရာယ်လုံခြုံမှု ပိုမိုရရှိလာခြင်း၊ ရထားစက်မှုသင်တန်း ကျောင်းကို လက်တွေ့စာတွေ့ သင်ကြားရသဖြင့် စက်ခေါင်း ပြင်စက်ရုံအသီးသီးရှိ ဝန်ထမ်းများကျွမ်းကျင်မှုနှင့် အရည် အသွေး ပိုမိုမြင့်မားလာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း။

မြန်မာ့မီးရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီး သည့်ကဏ္ဍတွင်ပါဝင်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ပေးနိုင်သဖြင့် ကုန်စည် စီးဆင်းမှုလျင်မြန်စေပြီး ကုန်ဈေးနှုန်းကြီးမြင့်မှုကို တစ်ဖက်တစ်လမ်းမှ ထိန်းညှိပေးနိုင်ပြီး မြို့ပြနှင့်ကျေးလက် ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပါကြောင်း၊ ဆက်လက်၍ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတွင်အသုံးပြုနေသော ခေတ်မီရထား သယ်ယူပို့ဆောင်ရေးစနစ်ဖြင့် ပေါင်းစပ် အသုံးပြုနိုင်ရေး ဖော်ဆောင်ပေးရန် လိုအပ်ပါကြောင်း၊ ပြည်ပချေးငွေ ယူရို ၅ သန်း အား အလေအလွင့်မရှိဘဲ စနစ်တကျ အကျိုးရှိစွာ သုံးစွဲရန်လိုအပ်ကြောင်းနှင့် ယခုငွေချေး ယူသည့်ကိစ္စအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကျော်နိုင်၊ မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိနှင့် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုတို့က လည်း အကြံပြုထောက်ခံဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော် နာယကက ယင်းကိစ္စနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့အစည်းဝင် များက ပြန်လည်ရှင်းလင်းခြင်းနှင့် ဆုံးဖြတ်ချက်ရယူခြင်း တို့ကို ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး ဒသမနေ့တွင် ဆက်လက်ဆောင်ရွက် မည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ကယား ပြည်နယ်အစိုးရအဖွဲ့လုံခြုံရေးနှင့် နယ်စပ်ရေးရာ




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပစဉ်။ (သတင်းစဉ်)

ဝန်ကြီးခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်သို့ အသိ ပေးတင်ပြမှတ်တမ်းတင်ပြီး **"ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"**နှင့် **"၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"**တို့ကို မှတ်တမ်းတင်ကြောင်း ကြေညာ သည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်က လွှတ်တော်နှစ်ရပ် သဘောကွဲလွဲ သော **"နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ ပါဝင် သော ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားသည်။

ပြည်ထောင်စုလွှတ်တော် နာယကက ယင်းဥပဒေ ကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ် များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာ သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က **"၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ကြမ်း"** ကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံး အဖြတ်ရယူ၍ လွှတ်တော်၏ အဆုံးအဖြတ်အတိုင်း ဥပဒေ ကြမ်းတစ်ခုလုံးအား အတည်ပြုကြောင်း ကြေညာသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင် က ဂီနီနိုင်ငံ၊ မော်လ်တာနိုင်ငံ၊ အီကွေဒေါ်နိုင်ငံ၊ ဆေးရှဲလ် နိုင်ငံ၊ လိုက်ဘေးရီးယားနိုင်ငံ၊ မာရှယ်ကျွန်းစုနိုင်ငံနှင့် ဟိုလီဆီး (ဗာတီကန်နန်းတော်)တို့အကြား သံတမန် အဆက်အသွယ်ထူထောင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော် သို့ ရှင်းလင်းတင်ပြသည်။

နာယကက ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလို သည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**"၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်း"**၏ မူနှင့် အခြေခံသဘောအပါအဝင် စီမံ ကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စား လှယ်များက ဆွေးနွေးကြသည်။

မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနုက ပြည်သူ ကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ် တိုးတက်မှုရှိစေရန် ရည်ရွယ်ထားသည်ဆိုသော်လည်း ပြည်သူကိုချပြရန်၊ ပြည်သူသိရန် မဆိုထားနှင့် ပြည်သူ ရွေးချယ်ထားသော ပြည်သူ့ကိုယ်စားလှယ်များပင် သိခွင့် မရှိဘဲ ငွေကြေးအကုန်အကျများသော စီမံကိန်းများကို အကောင်အထည်ဖော်နေခြင်းသည် အောက်ခြေလိုအပ် ချက်နှင့် ကိုက်ညီခြင်းမရှိသောအခါ ပြည်သူ့ဘဏ္ဍာများစွာ ဆုံးရှုံးရပါကြောင်း။

စီမံကိန်းများအကောင်အထည်ဖော်သည့်အခါ ပြည်သူကို အချိန်မီအသိပေးခြင်း၊ ပွင့်လင်းမြင်သာစွာ ချပြခြင်းများပြုလုပ်ပြီး ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အကြံပြုချက်တွင် ပါရှိသော အချက် ၁၂ ချက်အတိုင်း စနစ် တကျဆောင်ရွက်မှသာ အမှားကင်းသော စီမံကိန်းများ ဖြစ်ပြီး ပြည်သူ့အကျိုးကို ထိရောက်စွာဖော်ဆောင်ပြီး ပြည်သူ့ဘဏ္ဍာ၊ နိုင်ငံတော်ဘဏ္ဍာကို အသုံးချနိုင်မည် ဖြစ်ပါသောကြောင့် ဥပဒေကြမ်းပူးပေါင်းကော်မတီမှ နှစ်စဉ်ဘဏ္ဍာငွေ တင်ပြတောင်းခံခြင်းများ ရှိနေခြင်း အပေါ် စိစစ်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်က စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်တွင် ရှိသော ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများအနေဖြင့် ကျေးရွာများ သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ရေးကိစ္စများ နှင့် ပတ်သက်ပြီး မည်သည့်ဌာနမှ ဆောင်ရွက်ပေးနိုင် မည်ကို ပြည်သူများ ရှင်းရှင်းလင်းလင်းသိရှိစေရန် မူဝါဒ၊ လုပ်ငန်းစဉ်များ တိတိကျကျရေးဆွဲချမှတ်ပြီး ကျေးလက် နေပြည်သူများ သိရှိနားလည်အောင် ရှင်းလင်းအသိ ပေးရန် ဆောင်ရွက်ပေးသင့်ပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ ကြမ်းတွင် ပြည်ထောင်စုဝန်ကြီးဌာနများ၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များအားလုံး ကောင်းသော် လည်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာ တွင် အောက်ခြေတွင်ဖြစ်နေသော နယ်မြေအနေအထား ပကတိအရှိတရားအပေါ် အခြေခံ၍ လူ့စွမ်းအားအရင်း အမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များကို မြို့နယ်များအလိုက် ကျေးရွာများအားလုံး တစ်ပြေး ညီ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ခွင့်ပြုဘဏ္ဍာငွေ များကို မျှမျှတတ စီမံအကောင်အထည်ဖော် ဆောင်ရွက် ပေးသင့်ကြောင်း ဆွေးနွေးသည်။

ထို့ပြင် မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၊ ကျောက်ဆည် မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင်၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာ ခင်စည်သူ၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၃) မှ ဦးခင်မောင်လတ်၊ ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းနှင့် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်တို့ကလည်း အကြံပြုဆွေးနွေးကြ သည်။

**မော်စီ၊ ဝေဇင်အေးဖြိုး (သတင်းစဉ်)**



## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဆွီဒင်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဆွီဒင်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Urban Ahlin ဦးဆောင် သော ကိုယ်စားလှယ်အဖွဲ့ အား ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ နှင့် ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဆွီဒင်လွှတ်တော်ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေး ရာနှင့် အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဆွီဒင်နိုင်ငံ လွှတ်တော် ဥက္ကဋ္ဌ H.E.Mr.Urban Ahlin အား ယနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံရေးရာ ဆောင်အမှတ် (I-1) ဧည့်ခန်းမ ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး ဆိုင်ရာကိစ္စရပ်များနှင့် ဥပဒေရေးရာ ကဏ္ဍတွင် အချင်းချင်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စ ရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆- ၂၀၂၁)စတင်ဆောင်ရွက်ခြင်း အခမ်းအနားမှသည်. . .

ခိုင်ထွန်းကျော်

**အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁) စတင်ဆောင်ရွက်ခြင်း**

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)စတင်ဆောင်ရွက်ခြင်းအခမ်းအနားကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနတွင် ကျင်းပခဲ့ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)စတင်ဆောင်ရွက်ခြင်းအခမ်းအနားသို့ တက်ရောက်အားပေးပြီး အမှာစကားပြောကြားရာတွင်-

ပညာရရှိရေးတွင် အရေးကြီးဆုံးမှာ သင်ယူချင်စိတ်ပင်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ၊ ပညာရေးမူဝါဒများကိုချမှတ်ပြီး အကောင်အထည်ဖော်ဦးဆောင်နေသည့် ပုဂ္ဂိုလ်များအားလုံးက သင်ယူချင်စိတ်များဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ သင်ယူချင်စိတ် လူငယ်များအကြားထွန်းကားအောင်လုပ်ဆောင်ရန် သင်ပေးသူများကိုယ်တိုင် သင်ယူချင်စိတ်ရှိရန်လိုပါကြောင်း၊ တစ်သက်တာဆက်ပြီးသင်ယူနေရမည်ဖြစ်ပါကြောင်း၊ မိမိတို့တစ်သက်တာသင်ယူနိုင်သည့်စိတ်ဓာတ်၊ သင်ယူချင်သည့်စိတ်ဓာတ်ကိုသင်ပေးသူများတွင် ရှိရမည်ဖြစ်ပါကြောင်း၊ သို့မှသာသင်ကြားခံရသူများကိုယ်တိုင်လည်း အလားတူစိတ်ဓာတ်များ ပွားများလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မည်သို့သောစီမံကိန်းများရေးဆွဲရေးဆွဲ အောင်မြင်ရန်အတွက် ပါဝင်သူအားလုံးကအောင်မြင်မှုကိုဦးတည်နိုင်ရန်လိုပါကြောင်း၊ ပညာရေးစီမံကိန်းများကိုဦးဆောင်ပြီး အကောင်အထည်ဖော်သူအားလုံးသည် မိမိတို့ကိုယ်တိုင် သင်ယူစရာအများကြီးရှိသေးသည်ဆိုသည့် စိတ်ဓာတ်မွေးမြူရန် အလွန်အရေးကြီးပါကြောင်း၊ အားလုံးတတ်ပြီ၊ အားလုံးသိပြီဟုထင်သည့်ပုဂ္ဂိုလ်များသည် မည်သို့မျှဆက်ပြီးသင်ယူ၍ ရမည်မဟုတ်ပါကြောင်း၊ ကိုယ်တိုင်တတ်ချင်၊ သင်ချင်သည့်ဆရာဆရာမများ၊ ဤစီမံကိန်းများကိုဦးဆောင်သူပုဂ္ဂိုလ်များကသာလျှင် ပညာရှာသည့် နိုင်ငံသူနိုင်ငံသားများသင်ယူချင်အောင် လမ်းပြနိုင်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ သင်ယူချင်သည့်စိတ်ဓာတ်က ဘယ်ကစသလဲဆိုလျှင် မိမိမှာသိစရာအများကြီးရှိသေးသည်ဆိုသည့် နှိမ့်ချခြင်းမှစတင်ပါကြောင်း၊ သိစရာရှိသည့်ကိစ္စများကို သိအောင်လုပ်နိုင်သောအရည်အချင်းရှိသည်ဆိုသည့် ယုံကြည်မှုလည်းရှိအောင် လုပ်ရန်လိုပါကြောင်း၊ ကလေးသူငယ်များသည် သိစရာအများကြီးရှိသေးသည်ဆိုသောစိတ်ဓာတ်ရှိပါကြောင်း၊ သို့သော်ထိုကလေးများ၏ သိချင်၊ တတ်ချင်သည့်စိတ်ဓာတ်ကို လူကြီးများကအားမပေးလျှင်၊ သင်ပေးသူဆရာဆရာမများကအားမပေးလျှင် သင်ယူချင်သည့်စိတ်ဓာတ်သည် ဖွံ့ဖြိုးနိုင်မည်မဟုတ်ပါကြောင်း၊ လူကြီးများ၏အဓိကပြဿနာမှာ သင်ယူချင်စိတ်မရှိတော့ခြင်းပင်ဖြစ်ပါကြောင်း၊ ပြည့်စုံသွားပြီဟုထင်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဘယ်တော့မှပညာပြည့်စုံသည်ဟုမရှိနိုင်ပါကြောင်း၊ တစ်သက်တာအသက်ရှင်နေသရွေ့ ပညာဆက်လက်ရှာဖွေရမည်ဆိုသည့်စိတ်ဓာတ် မွေးမြူရန်လိုပါကြောင်း၊ မိမိတို့အားလုံးပညာသင်ယူရမည်၊ ဆက်ပြီးသင်ယူရမည်၊ ပညာသင်ချင်သည်၊ ဘယ်လိုသင်ယူရမည်ဆိုသည့်အချက်များကို သေချာနားလည်မည်ဆိုလျှင် နိုင်ငံ၏ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းသည် ကျောင်းသားများ၊ လူငယ်များနှင့်အရွယ်ရောက်သူများ၏ ဘဝတစ်သက်တာပညာသင်ယူမှု၊ ပညာသင်ယူသွားရန်မှာခက်ခဲတော့မည်မဟုတ်ပါကြောင်း၊ နိုင်ငံတော်ကဦးဆောင်ပြီးလုပ်ရမည်မှာမှန်ပါကြောင်း၊ နိုင်ငံတော်ကဦးဆောင်ပြီးလုပ်သည့်အခါ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာအရတတ်နိုင်သမျှ ပံ့ပိုးပေးသွားရန် အရေးကြီးပါကြောင်း၊ ဆရာဆရာမများသည် ကိုယ့်ကိုယ်ကိုယ် သင်ယူခြင်းအားဖြင့် မိမိတို့နိုင်ငံရှိကလေးသူငယ်များရော၊ အရွယ်ရောက်ပြီးသော်လည်း ဆက်ပြီးပညာရှာချင်သည့် နိုင်ငံသူနိုင်ငံသားများအားလုံး ဆက်ပြီးပညာရှာနိုင်ရန်၊ ပညာရှာသည့်အခါတွင်လည်း ထိထိရောက်ရောက် သင်ယူထိုက်သည့်ကိစ္စများကိုသင်ယူနိုင်ရန် အားလုံးပံ့ပိုးနိုင်ကြပါစေဟုဆုမွန်ကောင်းတောင်းပါကြောင်း၊ မိမိတို့ကိုကူညီနေသည့် မိတ်ဆွေများလည်း အလားတူအမြင်များနှင့် အလားတူနားလည်မှုများဖြင့် ကူညီလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ မိမိတို့ကိုယ်တိုင်လည်း ဒီနိုင်ငံရောက်လာသည့်အခါ ဒီနိုင်ငံအကြောင်း၊ ဒီနိုင်ငံ၏လိုအပ်ချက်များ၊ ဒီနိုင်ငံမှရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို နားလည်သင်ယူပြီးမှ မိမိတို့နိုင်ငံ၏အကျိုးကို ထိထိရောက်ရောက်သယ်ပိုးပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဒီလိုထိထိရောက်ရောက် သယ်ပိုးပေးချင်သည့် စေတနာလည်း မိမိတို့မိတ်ဆွေများတွင်လည်း ရှိသည်ဟုယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံတိုးတက်ရေးအတွက် အဓိကကျသည့် ပြည်သူလူထုတစ်ရပ်လုံးပါဝင်ပြီး မိမိတို့နိုင်ငံပညာရေးအဆင့်မြှင့်ရန်အတွက် နိုင်ငံသူ၊ နိုင်ငံသားများသည် မိမိတို့သင်ယူရန် လိုသည်ဆိုသည့်စိတ်ဓာတ်ဖြင့် သင်ယူ၍ရသည်ဆိုသည့် ယုံကြည်ချက် မိမိတို့နိုင်ငံ၏ နောင်မျိုးဆက် အဆက်ဆက်အကျိုးရှိရန်အတွက် ဆောင်ရွက်သွားကြမည်ဟု ဆုမွန်ကောင်းတောင်းရင်းဆန္ဒပြုပါကြောင်းဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့ပါသည်။

**အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းဖြစ်ပေါ်လာပုံ**

မြန်မာ့ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းကို ၁၉၉၂ ခုနှစ်တွင်လည်းကောင်း၊ ၂၀၁၂ခုနှစ်တွင်လည်းကောင်း ဆောင်ရွက်ခဲ့ကြပါသည်။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍမူဝါဒများချမှတ်နိုင်ရေးဆွေးနွေးပွဲကို နိုင်ငံတကာမှပညာရှင်များဖြင့် ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲရလဒ်အရ ပညာရေးဝန်ကြီးဌာနက ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review-CESR)ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် နိုင်ငံတော်သမ္မတရုံးမှ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (Terms of Reference-TOR)ကိုခွင့်ပြုခဲ့ပါသည်။

ဘက်စုံလွှမ်းခြုံနိုင်သောပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းကို ပညာရေးဝန်ကြီးဌာနအပြင် ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ပညာရှင်များ၊ ပညာရေးကိုစိတ်ပါဝင်စားသူ၊ ပညာရေးကောင်းကျိုးသယ်ပိုးဆောင်ရွက်လိုသူ ပြင်ပပညာရှင်များ၊ နိုင်ငံတကာမှပညာရေးပညာရှင်များ၊ ပညာရေးဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းက အချိန်တိုအတွင်းအကဲဖြတ်ခြင်းလုပ်ငန်း၊ အသေးစိတ်လေ့လာဆန်းစစ်ခြင်းလုပ်ငန်းနှင့် ကုန်ကျစရိတ်လျာထားချက်များပါဝင်သည့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)ရေးဆွဲတင်ပြခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)**

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)ကို ဘက်စုံလွှမ်းခြုံနိုင်သောပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း(CESR)အစီရင်ခံစာများအပေါ်တွင်အခြေခံ၍ အမျိုးသားပညာရေးဥပဒေပါ မူဝါဒများ၊ ရည်မှန်းချက်များနှင့် နိုင်ငံတော်အစိုးရ၏ဦးစားပေးပညာရေးအစီအစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် ရေးဆွဲခြင်းဖြစ်ပါသည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)ကို သက်ဆိုင်ရာပညာရေးကဏ္ဍအလိုက် ပြည်တွင်းပြည်ပပညာရှင်များ၊ ဆရာဆရာမများ၊ မိဘများ၊ ရပ်ရွာပြည်သူလူထုများ၊ တိုင်းရင်းသားမျိုးနွယ်စုများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပညာရေးဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရေးနှင့်ပတ်သက်ဆက်စပ်သူများအားလုံး၏ အကြံပြုချက်များအပေါ်တွင် အခြေခံပြီးရေးဆွဲထားခြင်းဖြစ်ပါသည်။



မြန်မာ့ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)ရေးဆွဲရာတွင် **အထောက်အထားအခြေပြုရေးမူ၊ ညှိနှိုင်းဆွေးနွေးရေးမူ၊ အရည်အသွေးကိုအလေးပေးရေးမူ၊ ချိတ်ဆက်ပေါင်းစည်းထားရေးမူ၊ ပြောင်းလဲမှုကိုတိုင်းတာရေးမူ၊ ကုန်ကျစရိတ်ခန့်မှန်းတွက်ချက်ရေးမူ၊ လက်လှမ်းမီရေးမူ၊ လိုက်လျောညီထွေမှုရှိရေးမူ**တို့ကိုအခြေခံပြီး ရေးဆွဲခဲ့ခြင်းဖြစ်၍ပညာရေးကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

**ရည်မှန်းချက်ပန်းတိုင်**

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)၏ရည်မှန်းချက်ပန်းတိုင်မှာ **ကျောင်းများနှင့်ပညာသင်ယူရာဌာနအားလုံးတွင် ကျောင်းသားကျောင်းသူများ၏ သင်ယူတတ်မြောက်မှုများ သိသာထင်ရှားစွာတိုးတက်လာရေးကိုဦးတည်ပြီး ပိုမိုတိုးတက်ကောင်းမွန်သည့် သင်ကြားသင်ယူမှု၊ သက်မွေးပညာရေးနှင့်လေ့ကျင့်ရေး၊ သုတေသနနှင့်ဆန်းသစ်တီထွင်မှုများ ဖြစ်ထွန်းလာစေရေး**ဖြစ်ပါသည်။


အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် မဟာဗျူဟာမြောက် လုပ်ငန်းနယ်ပယ်(၉)ရပ်သတ်မှတ်ထားပါသည်။မဟာဗျူဟာမြောက်လုပ်ငန်းနယ်ပယ်(၉)ရပ်မှာ-


- မူကြိုနှင့်သူငယ်တန်းပညာရေး
- အခြေခံပညာရေးအခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှု
- အခြေခံပညာသင်ရိုးညွှန်းတမ်း
- ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့်စာမေးပွဲများကျင်းပခြင်း
- ဆရာအတတ်ပညာရေးနှင့်စီမံခန့်ခွဲမှု
- ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေး
- နည်းပညာနှင့်သက်မွေးပညာရေးနှင့်လေ့ကျင့်ရေး
- အဆင့်မြင့်ပညာရေး
- စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် အရည်အသွေးအာမခံမှုတို့ဖြစ်ပါသည်။

**အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)စတင်ဆောင်ရွက်ခြင်းအခမ်းအနားမှသည်. . .**

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁) ရည်မှန်းချက်ပန်းတိုင် ပေါက်မြောက်အောင် ဆောင်ရွက်ရမည့် မဟာဗျူဟာမြောက်လုပ်ငန်းနယ်ပယ်(၉)ရပ်ကို အကောင်အထည်ဖော်ရာတွင် ပညာရေးဝန်ကြီးဌာနသာမက ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ပညာရေးဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ပညာရေးဝန်ထမ်းများ၊ မိဘပြည်သူများအားလုံး ပူးပေါင်းလက်တွဲ၍ရိုးသားဖြူစင်သောစေတနာ၊ တည်ကြည်ဖြောင့်မတ်သောစိတ်ဓာတ်၊ ခိုင်မာသောယုံကြည်ချက်၊ ညီညွတ်သောစည်းလုံးမှုစွမ်းအားဖြင့် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ကြရမည်ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ကြရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)စတင်ဆောင်ရွက်ခြင်းအခမ်းအနား၌ လမ်းညွှန်မှာကြားခဲ့သည့် အမှာစကားကို ဦးထိပ်ပန်လျက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းနယ်ပယ်များကို တက်ညီလက်ညီ၊ အင်တိုက်အားတိုက်၊ အားသွန်ခွန်စိုက် ဦးလည်မသုန်ဆောင်ရွက်ကြပါစို့ဟူ၍. . .။





# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်၌ စိတ်ချမ်းမြေ့စွာ ဖူးမြော်ကြည်ညိုနိုင်ရေး ဆောင်ရွက်ထားလျက်ရှိ

ကိုဦး

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးသည် မြန်မာသာမက ကမ္ဘာသို့ တိုင်အောင် ထင်ရှားကျော်စောသော ဘုရား၊ စေတီတော် များအနက် တစ်ဆူအပါအဝင်ဖြစ်သည်။

ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးနှင့် ပတ်သက်၍ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ အပါအဝင် ဩဇာတိက္ကမကြီးမားသောဆရာတော်ကြီး များ၊ ဗုဒ္ဓဘာသာဝင် ပြည်သူများက ဂေါပကအဖွဲ့၏ စီမံဆောင်ရွက်မှုများကို ဝေဖန်ပြောဆိုခဲ့ကြပြီး ဘုရားဖူး ပြည်သူများ ကြည်ညိုသဒ္ဓါတိုးပွားစေရေး စီးပွားရေး ဆန်သော ကန်ထရိုက်စနစ်များကို ပြုပြင်ဆောင်ရွက် ရေးတို့ကိုလိုလားကြောင်း ထောက်ပြခဲ့ကြသည်။

သို့ဖြစ်၍ ကျိုက်ထီးရိုးစေတီတော်ဝတ္တကမြေအတွင်း စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်မှု မရှိသည့် စီးပွားရေးလုပ်ငန်းများကို တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေးတို့အတွက် သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်၍ စီမံဆောင်ရွက်ခဲ့ရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ဩဝါဒါစရိယအဖွဲ့ကို ၁၁ ပါးဖြင့် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး ဂေါပကအဖွဲ့ဟောင်းကိုဖျက်သိမ်း၍ အင်ဂျင်နီယာ၊ ဆရာဝန်၊ စာရင်းအင်းပညာရှင်၊ ဥပဒေပညာရှင် စသည့် ပုဂ္ဂိုလ်များပါဝင်သော ယာယီဂေါပကအဖွဲ့ကို အဖွဲ့ဝင် ၁၅ ဦးတို့ဖြင့် ဖွဲ့စည်းပေးခဲ့သည်။

ခေတ်ကာလနှင့်မညီသော ဂေါပကစည်းမျဉ်း ကိုလည်း ပြင်ဆင်ရေးဆွဲပြီး တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂(၁)(ဇ)အရ တရားစွဲဆိုရေးအတွက် ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက်ပေးပို့ထားကာ ခွင့်ပြုမိန့်ရရှိပါက ဂေါပကစည်းမျဉ်းသစ်ကို မွန်ပြည်နယ် တရားလွှတ်တော်ချုပ်ရုံး၌ အတည်ပြုသွားမည်ဖြစ်သည်။ ဂေါပအဖွဲ့ကိုလည်း အဆိုပါဂေါပက စည်းမျဉ်းနှင့်အညီ ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်သည်။

ယခုအခါ ရွှေသက်န်းကန်ထရိုက်လုပ်ငန်း၊ အလှူခံပုံး စသည့် ကန်ထရိုက်စာချုပ်စနစ်များကို ပယ်ဖျက်၍ ဘက်စုံပဒေသာပင် အလှူခံဌာနတစ်ခုတည်းသာ ဖွင့်လှစ် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် စီးပွားရေးဆန်သော အနှစ် ၂၀၊ အနှစ် ၃၀ ရေရှည်ကန်ထရိုက်စာချုပ်ပေါင်း ၁၄ မျိုးကိုပယ်ဖျက်ကာ ရင်ပြင်တော်ရှိ တည်းခိုဆောင် ကန်ထရိုက်စနစ်ကို ဂေါပကအဖွဲ့က တိုက်ရိုက်စီမံ ဆောင်ရွက်ပြီး ဘုရားဖူးပြည်သူများ စိတ်နှလုံးချမ်းမြေ့စွာ ဘုရားဖူးနိုင်ရေးအတွက် အခမဲ့တည်းခိုနိုင်ရေးနှင့် သက်သာသောနှုန်းထားဖြင့် တည်းခိုနိုင်ရေးတို့ကို စီစဉ် ဆောင်ရွက်ပေးထားပြီးဖြစ်သည်။

ကျိုက်ထီးရိုးစေတီတော်ရင်ပြင်တော်ရှိ တိဿဓမ္မာရုံ (ပထမထပ်)၊ ဆီမီး(၉၀၀၀)ဓမ္မာရုံစသည်တို့ရှိ အခန်း ၂၉ ခန်းတွင် ဘုရားဖူး ၁၂၆၇ ဦးတို့အား ဘုရားဖူးရဟန်း ရှင်လူ ပြည်သူအများ အခမဲ့တည်းခိုနိုင်ရေးနှင့် တိဿ ဓမ္မာရုံ (ဒုတိယ၊ တတိယ၊ စတုတ္ထထပ်)၊ ပေ ၄၀ ဓမ္မာရုံ စသည့်ဓမ္မာရုံများနှင့် တည်းခိုဆောင်တို့ရှိ အခန်း ၃၇၃ ခန်းတွင် ဘုရားဖူး ၁၄၄၀ တို့အား အခပေး တည်းခို နိုင်ရေးတို့ကို စီမံဆောင်ရွက်ပေးထားသည်။ အခပေး တည်းခိုဆောင်များတွင်လည်း လေအေးပေးစက်၊ ခေါင်းအုံး၊ စောင်၊ ခြင်ထောင်များ ဝန်ဆောင်မှုပေး၍ တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၊ ၁၀၀၀၀၊ ၁၅၀၀၀ စသည်ဖြင့် ယခင်ထက် များစွာသက်သာသော နှုန်းထားများသတ်မှတ်၍ တည်းခို နိုင်အောင်လည်း စီစဉ်ဆောင်ရွက်ထားသည်။

အလှူငွေများအဖြစ် ယခင်နှစ် တောင်တော်ဖွင့်ပွဲတွင် ငွေကျပ် ၁၂၇ သိန်းရရှိခဲ့ပြီး ယခုနှစ်တောင်တော်ဖွင့်ပွဲတွင် ငွေကျပ် ၈၄၄ သိန်း ရရှိခဲ့သည်။ ရွှေဆိုင်းရောင်းချရမှု အနေဖြင့် ယခင်နှစ် ကန်ထရိုက်စနစ်ကျင့်သုံးစဉ်က လေလံ ကြေး တစ်နှစ်စာ ၆၃၈၁၄၀၇၇ (၆၃၈ သိန်းကျော်) ရရှိခဲ့ပြီး ယခုနှစ် ဂေါပကအဖွဲ့သစ်၏ကြီးကြပ်မှုဖြင့် ရောင်းချခဲ့ရာ ၁၆-၁၀-၂၀၁၆ ရက်မှ ၁၅-၂-၂၀၁၇ ရက်အထိ လေးလတာ ကာလမှာပင် ကျပ် ၂၇၈၄၆၂၅၀၀ (၂၇၈၄ သိန်းကျော်) ရရှိခဲ့သောကြောင့် ငွေကျပ် ၂၁၄၆ သိန်းကျော် ပိုမိုရရှိခဲ့ သည်။

ရင်ပြင်တော်ရှိ အလှူခံပုံးများ၌ ယခင်နှစ်က ငွေကျပ် ၄၀၈ သိန်းရရှိခဲ့ပြီး ယခုနှစ် လေးလတာကာလမှာပင် ၂၇၈၄၆၂၅၀၀ (၂၇၈၄ သိန်းကျော်)ရရှိခဲ့သောကြောင့် ကျပ် ၂၃၇၆ သိန်းကျော် ပိုမိုရရှိခဲ့သည်။ ဆည်းလည်း အရောင်းလုပ်ငန်းကို ကန်ထရိုက်စနစ်ကျင့်သုံးခဲ့စဉ်က တစ်နှစ်စာ ၁၆၇၄၁၂၅၂ ကျပ်(၁၆၇ သိန်းကျော်)ရရှိခဲ့ပြီး ယခုနှစ် ဂေါပကအဖွဲ့၏ကြီးကြပ်မှုဖြင့်ရောင်းချခဲ့ရာ လေးလတာကာလမှာပင် အမြတ်ငွေကျပ် ၁၃၉၅ သိန်းကျော်ရရှိခဲ့သောကြောင့် ကျပ် ၁၂၂၈ သိန်းကျော် ပိုမိုရရှိခဲ့သည်။

၂၆-၉-၂၀၁၆ ရက်တွင် ဂေါပကအဖွဲ့ဟောင်းမှ ဂေါပကအဖွဲ့သစ်သို့ လွှဲပြောင်းပေးသည့်စေတီတော် ကြီး၏ ဘဏ္ဍာတော်ငွေမှာ ၁၆၁၁၃၀၄၆၂၆ ကျပ်(၁ ဒသမ ၆ ဘီလီယံ ကျော်)ရှိခဲ့ပြီး ဂေါပကအဖွဲ့သစ် စတင် တာဝန်ယူချိန်မှစ၍ လေးလတာကာလအတွင်း ဘဏ္ဍာ တော်ငွေမှာ ၃၇၆၇၅၇၅၃၅၈ ကျပ် (၃ ဒသမ ၇ ဘီလီယံကျော်)နှင့် အမေရိကန်ဒေါ်လာ ၆၈၁၂၊ ထိုင်းဘတ် ၂၇၈၉၁၈ ရရှိခဲ့သောကြောင့် ဘဏ္ဍာတော်ငွေ ၂၁၅၆၂၇၀၇၃၂ ကျပ်(၂ ဒသမ ၁ ဘီလီယံကျော်)နှင့် အဆိုပါအမေရိကန်ဒေါ်လာများနှင့် ထိုင်းဘတ်များ တိုးတက်ရရှိလာခဲ့သည်။

ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြသည့် ရဟန်းရှင်လူပြည်သူများ အဆင်ပြေချောမွေ့စွာ နားနေ တည်းခိုနိုင်ရန်အတွက် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီ တော်ဂေါပကအဖွဲ့က စနစ်တကျ စီမံဆောင်ရွက်လျက် ရှိသည်။ ဘုရားဖူး ရဟန်းရှင်လူ ပြည်သူမည်သူမဆို စေတီတော်ရင်ပြင်တော်ရှိ အောက်ဖော်ပြပါ ဇယား(၁)ရှိ အခမဲ့ဓမ္မာရုံနှင့် အဆောင်များ၌ စိတ်ချမ်းမြေ့စွာ အခမဲ့တည်းခိုနိုင်သည်။

ထို့အပြင် ဘုရားဖူးရဟန်းရှင်လူ ပြည်သူများ တည်းခိုနိုင်သည့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ရင်ပြင်တော်ရှိ အောက်ဖော်ပြပါ ဇယား(၂)ရှိ ဓမ္မာရုံ များနှင့် တည်းခိုဆောင်များကို ထိန်းသိမ်းစောင့်ရှောက် ပေးနိုင်ရန်အတွက် တည်းခိုလိုသည့် ဘုရားဖူးခရီးသွား ပြည်သူများက သတ်မှတ်နှုန်းထားများအတိုင်း ကုသိုလ်ယူ လှူဒါန်းငွေထည့်ဝင်၍ တည်းခိုနိုင်သည်။

ဖော်ပြပါဓမ္မာရုံများနှင့် တည်းခိုဆောင်များအား မူလ ပုံစံမပျက် အရှည်တည်တံ့စေရန် လည်းကောင်း၊ လက်ရှိခန့်အပ်ထားသောဝန်ထမ်းများ အလုပ်အကိုင် ဆက်လက်ရရှိစေရန် လည်းကောင်း၊ ဓမ္မာရုံများပြင်ဆင် ထိန်းသိမ်းစေရေးစရိတ်၊ ရေ၊ မီး၊ မိလ္လာနှင့်အခြား အသုံး စရိတ်များကို ကျခံသုံးစွဲနိုင်ရန်ရည်ရွယ်၍ လည်းကောင်း ဘုရားဖူးခရီးသွား ပြည်သူများ စိတ်ချမ်းမြေ့စွာ တည်းခို နိုင်ရေးအတွက် ရှေးရှုဆောင်ရွက်လျက်ရှိကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ။

ဇယား(၁)

| စဉ် | ဓမ္မာရုံ | အထပ် | အခန်း | တည်းခိုနိုင်သော ဦးရေ | ကြီးကြပ်သူ/ ဆက်သွယ်ရန်ဖုန်းနံပါတ် |
|---|---|---|---|---|---|
| ၁ | တိဿဓမ္မာရုံ (ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ) | ပ-ထပ် | ၆ | ၂၁ | ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မော်လမြိုင်မြို့ ၀၅၇-၂၃၉၃၇ |
| ၂ | ဆီမီး(၉၀၀၀)ဓမ္မာရုံ | ပ-ဒု-တထပ် | - | ၆၀၀ | ဂေါပအဖွဲ့ရုံး ၀၉-၈၇၂၃၁၉၆ ၀၉-၈၇၂၃၁၉၈ |
| ၃ | ပြည့်စုံ(ရင်ပြင်တော်) | ပ-ဒု-တထပ် | ၁၈ | ၃၆ | ပြည်နယ်အစိုးရအဖွဲ့ရုံး မော်လမြိုင်မြို့ ၀၅၇-၂၃၉၃၇ |
| ၄ | ပြည့်စုံ(မုဆိုးတောင်) | ပ-ဒု-တထပ် | - | ၆၀၀ | ဂေါပအဖွဲ့ရုံး ၀၉-၈၇၂၃၁၉၆ ၀၉-၈၇၂၃၁၉၈ |
| ၅ | သုံးထပ်ဓမ္မာရုံ | ပ-ထပ် | ၅ | ၁၀ | ဂေါပကအဖွဲ့ရုံး ၀၉-၈၇၂၃၁၉၆ ၀၉-၈၇၂၃၁၉၈ |
| စုစုပေါင်း | | | ၂၉ | ၁၂၆၇ | |

ဇယား(၂)

| စဉ် | ဓမ္မာရုံ | အထပ် | အခန်း | တည်းခိုနိုင်သောဦးရေ | ဝန်ဆောင်ခ (၁)ဦးအတွက် ကောက်ခံနှုန်း | လုပ်ကိုင်ခွင့်ရရှိသူ/ ဆက်သွယ်ရန် ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | တိဿဓမ္မာရုံ | ဒု-တ-စထပ် | ၃၉ | ၇၈ | ၁၀၀၀၀ | ဦးခင်တိုး ၀၉-၄၅၃၉၀၄၄၅၈ |
| ၂ | ပေ(၄၀)ဓမ္မာရုံ | ပ-ဒု-တထပ် | ၈၀ | ၄၀၈ | ၅၀၀၀ | ဦးသန့်ဟန် ၀၉၈၆၁၇၅၃၄ |
| ၃ | သုံးထပ်ဓမ္မာရုံ | ဒု-တ-စထပ် | ၆၈ | ၃၀၃ | ၅၀၀၀ | ဦးမောင်နိုင် ၀၉-၄၅၄၁၉၂၈၅၉ |
| ၄ | ဂေါပကအဖွဲ့ ဓမ္မာရုံ | ပ-ဒု-တ-စ ပဉ္စမထပ် | ၂၇ ၅၀ | ၅၄ ၁၀၄ | ၁၀၀၀၀ ၁၅၀၀၀ | ဦးနေထက်သိန်းနိုင် ၀၉-၈၆၁၀၉၉၉ |
| ၅ | တည်းခိုဆောင် (၁)ကြူကြူဝင်း | - | ၂၄ | ၁၁၆ | ၅၀၀၀ | ဦးအောင်မြင့်ကို ၀၉-၉၇၃၇၈၂၁၃၃ |
| ၆ | တည်းခိုဆောင် (၂)ဝင်း | - | ၃၉ | ၁၆၅ | ၅၀၀၀ | ဦးဝင်းမြင့် ၀၉-၉၇၂၀၇၉၄၂၉ |
| ၇ | တည်းခိုဆောင် (၃)(၄)ပွင့်ထူး | - | ၄၆ | ၂၁၂ | ၅၀၀၀ | ဦးတင်အောင် ၀၉-၈၇၂၃၁၂၇ |
| စုစုပေါင်း | | | ၃၇၃ | ၁၄၄၀ | - | |

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ဂျပန်-အာဆီယံ ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာဖလှယ်မှု ကော်မတီဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဂျပန်နိုင်ငံ International Friendship Exchange Council-FEC အဖွဲ့၏ ဂျပန်-အာဆီယံ ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာဖလှယ်မှု ကော်မတီဥက္ကဋ္ဌ မစ္စတာ နိုရီအို ယာမာဂူချီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ လူနေမှုဘဝနှင့် လယ်ယာ၊ သားငါးကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးကဏ္ဍတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးပြီး ရေရှည်တည်တံ့ခိုင်မြဲရေးတို့၌ ဂျပန်နိုင်ငံမှ ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးမြင့်ဆွေ ဂျပန်နိုင်ငံ International Friendship Exchange Council-FEC အဖွဲ့၏ ဂျပန်-အာဆီယံ ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာဖလှယ်မှုကော်မတီဥက္ကဋ္ဌ မစ္စတာ နိုရီအို ယာမာဂူချီ အား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# ရန်ကုန်မြို့တွင် တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကျင်းပရန် အဆိုပြုထားမှု ဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

**အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဂျပန်နိုင်ငံ Asia-Pacific Water Forum (APWF) Secretariat ရုံးမှ Secretary-General Mr. Kotaro Takemura အား ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**



တွေ့ဆုံစဉ် ဂျပန်နိုင်ငံတွင် ပထမအကြိမ်ကျင်းပခဲ့သည့် အာရှ-ပစိဖိတ်ရေညီလာခံနှင့် ထိုင်းနိုင်ငံတွင် ဒုတိယအကြိမ်ကျင်းပခဲ့သည့် ရေညီလာခံ အတွေ့အကြုံများ၊ ရန်ကုန်မြို့တွင် တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံ ကျင်းပရန် အဆိုပြုထားမှုနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ အတွင်းရေးမှူး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်နှင့် ဂျပန်နိုင်ငံ Asia-Pacific Water Forum (APWF) Secretariat ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတသည် မရမ်းကုန်းမြို့နယ်ရှိ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရေဆိုင်ရာသတင်းအချက်အလက်ဗဟိုဌာနရုံး တည်ဆောက်မည့်မြေနေရာအား သွားရောက်ကြည့်ရှုသည်။

မရမ်းကုန်းမြို့နယ်၌တည်ဆောက်မည့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရေဆိုင်ရာသတင်းအချက်အလက် ဗဟိုဌာနရုံးသည် ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှု စီမံကိန်းတွင်ပါဝင်ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူကာ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဂျပန်နိုင်ငံ Asia-Pacific Water Forum (APWF) Secretariat ရုံးမှ Secretary-General Mr. Kotaro Takemura အား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# လူတစ်ယောက်ဟာ မွေးဖွားပြီးချိန်မှစလို့ သေဆုံးတဲ့အချိန်ထိ စိတ္တသုခ၊ ခန္ဓသုခ ပြည့်စုံဖို့ဆိုတာ ငြိမ်းချမ်းရေးဟာ အရေးကြီးပါတယ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

"လူတစ်ယောက်ဟာ မွေးဖွားပြီးချိန်မှစလို့ သေဆုံးတဲ့အချိန်ထိ စိတ္တသုခ၊ ခန္ဓသုခ ပြည့်စုံဖို့ဆိုတာ ငြိမ်းချမ်းရေးဟာ အရေးကြီးပါတယ်"လို့ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ကျင်းပသည့် ပထမအကြိမ် အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်တွင် ပြောကြားခဲ့သည်။

ထို့ပြင် ဒေါက်တာတင်မျိုးဝင်းက "ငြိမ်းချမ်းရေးနဲ့တစ်ဆက်တည်းနောက်က တွဲပါလာတာ လူမှုအဖွဲ့အစည်းအလိုက်၊ ဒေသအလိုက်၊ လူမျိုးအလိုက် နောက်ဆုံး တိုင်းပြည်အထိဖွံ့ဖြိုးတိုးတက်မှုဆိုတာပါတွဲပါလာတာ ဖြစ်ပါတယ်"။

"အခြေခံဖြစ်တဲ့ ငြိမ်းချမ်းရေးကိုသွားတဲ့အခါ သက်ဆိုင်ရာအဖွဲ့အစည်းများသာမက ဒုတိယပိုင်းတည်ဆောက်ရမယ့် အရပ်ဘက်အဖွဲ့အစည်းတွေအနေနဲ့ ယခုလို စိတ်ပါလက်ပါ ဝိုင်းဝန်းဆောင်ရွက်ကြမယ်ဆိုရင် အားလုံးရည်မှန်းချက်ဖြစ်တဲ့ ငြိမ်းချမ်းရေးဒေသဆိုင်ရာဖွံ့ဖြိုးရေး၊ လူမျိုးအလိုက်ဖွံ့ဖြိုးရေး၊ တိုင်းပြည်ဖွံ့ဖြိုးရေး စတာတွေဟာ အမြန်ဆုံးအကောင်အထည်ပေါ်လာမယ်လို့ ယုံကြည်ပါတယ်"။

"ငြိမ်းချမ်းရေးဖြစ်စဉ်သွားတဲ့တစ်ပြိုင်တည်းမှာပဲ အရပ်ဘက်လူမှုအဖွဲ့အစည်းများရဲ့ အရေးပါမှု၊ အရေးကြီးမှု၊ အထူးသဖြင့် ပြည်သူနဲ့ တိုက်ရိုက်ထိတွေ့ဆက်ဆံတဲ့ အသံတွေ၊ ပြဿနာတွေကို ကြားဖို့အတွက် နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ကတော့ နိုင်ငံရေးဖိုရမ်လိုမျိုးသွားဖို့လိုအပ်တယ်လို့ အစည်းအဝေးမှာချပြထားပါတယ်"ဟု ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက "ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့အတွက် ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ပြည်သူတွေပါဝင်လာမှု အားကောင်းအောင် ဆောင်ရွက်နိုင်မှသာ အခက်အခဲများဖြေရှင်းရာမှာ အထောက်အကူဖြစ်စေမယ်လို့ ကျွန်တော်တို့အားလုံး သဘောပေါက်လက်ခံထားပြီးဖြစ်ပါတယ်"။



"ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပြည်သူတွေပါဝင်လာခြင်းဟာ ပြည်သူတွေက မိမိတို့ ဘဝရပ်တည်နေထိုင်မှုနဲ့ဆိုင်တဲ့ကိစ္စ၊ မိမိတို့ရဲ့အခွင့်အရေးနဲ့ ဆိုင်တဲ့ကိစ္စတွေမှာ ကိုယ်တိုင်ပါဝင်ဆုံးဖြတ်နိုင်တဲ့ ဒီမိုကရေစီကျင့်စဉ်တွေ အားကောင်းလာအောင် ဆောင်ရွက်ခြင်းဖြစ်တာကြောင့် အလွန်အရေးကြီးကြောင်း ဖော်ပြလိုပါတယ်"။

"ဒါကြောင့် ပြည်သူတွေကြားထဲက ပေါက်ဖွားလာတဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ

**စာမျက်နှာ ၉ သို့**

# ပြည်တွင်းရေးရာ

❐ **အလုပ်အကိုင်မှ**

အခမ်းအနားသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Tateshi Higuchi, Myanmar - Japan Thilawa Development Co., Ltd. (MJTD) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ JICA မှ တာဝန်ရှိသူများ၊ Myanmar - Japan Thilawa SEZ Holdings Public Co., Ltd. (MTSH)မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာသီလဝါအများပိုင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဒေသခံရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Myanmar - Japan Thilawa Development Limited ဥက္ကဋ္ဌ ဦးသိန်းဟန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မိမိတို့နိုင်ငံတွင် သီလဝါ၊ ထားဝယ်၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်သုံးခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သီလဝါအထူးစီးပွားရေးဇုန်သည် ရှေ့အရောက်ဆုံးဖြစ်နေသော ဇုန်ဖြစ်ပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့် ဇုန်(A)ကို ရာနှုန်းပြည့်နီးပါး အကောင်အထည်ဖော်ပြီး ပြည်ပပို့ကုန်များကို ထုတ်လုပ်တင်ပို့နေပြီဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခုဆက်လက်၍ ဇုန် (B)ကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည့်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာမည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများ၏ လူနေမှုဘဝမြင့်မားလာအောင်လည်း ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် နှစ်ပေါင်း ၆၃ နှစ်ခန့်ရှိလာပြီဖြစ်သည့် မြန်မာ-ဂျပန် နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေးအတွက် သီလဝါအထူးစီးပွားရေးဇုန်သည် အရေးပါသည့်ပြယုဂ်တစ်ခုဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်၊ ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Haruhiko Ando၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Tateshi Higuchi၊ ဂျပန်-မြန်မာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr. Hideo Watanabe နှင့် တာဝန်ရှိသူများက အမှာစကားများပြောကြားကြပြီး သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းတွင် ပူးပေါင်းပါဝင်ခဲ့ကြသော ဒေသခံများအား ဂုဏ်ပြုမှတ်တမ်းများပေးအပ်ကြသည်။

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(ခ)စီမံကိန်းတည်ဆောက်မှုစတင်ခြင်းအခမ်းအနားကို သတ်မှတ်နေရာ၌ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။




**သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ဆက်လက်၍ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများက စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(ခ) စီမံကိန်းတည်ဆောက်မှုစတင်ခြင်းအခမ်းအနား အထိမ်းအမှတ်သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

ယခုတိုးချဲ့လိုက်သည့် သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(ခ)စီမံကိန်း ပထမအဆင့်သည် ၁၀၁ ဟက်တာ (ဧက ၂၅၀)ရှိပြီး ၂၀၁၈ နှစ်လယ်ပိုင်းတွင် ဆောက်လုပ်မှုပြီးစီးရန် မျှော်မှန်းထားကာ အချို့မြေနေရာများကိုမူ ၂၀၁၇ ခုနှစ် နှောင်းပိုင်းခန့်တွင် ရင်းနှီးမြှုပ်နှံမည့်သူများကို ငှားရမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

သီလဝါအထူးစီးပွားရေးဇုန် ပထမဆင့် စီမံကိန်းဖွင့်ပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး ယခု သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(ခ)စီမံကိန်းကို ၁၉ လသာ အချိန်ယူဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံသူများအကြား စိတ်ဝင်စားမှုများပြားခဲ့သည့် သီလဝါအထူးစီးပွားရေးဇုန်၏ အောင်မြင်မှုကြောင့် ယခုစီမံကိန်းကို ထပ်မံတိုးချဲ့တည်ဆောက်ရခြင်းဖြစ်သည်။ သီလဝါအထူးစီးပွားရေးဇုန်ကို ၂၀၁၄ ခုနှစ် ဇွန်လကတည်းကပင် နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ကုမ္ပဏီပေါင်း ၇၈ ခုက စက်ရုံများကုန်ထုတ်လုပ်ခြင်းနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းများအတွက် ရွေးချယ်ခဲ့ကြရာ ယခုအခါတွင်စက်ရုံ ၂၄ ရုံ စတင်လည်ပတ်လုပ်ကိုင်နေပြီဖြစ်သည်။ သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(ခ)စီမံကိန်းတွင် လက်ရှိ ၉၅ ရာခိုင်နှုန်းအထိ ငှားရမ်းထားပြီးဖြစ်ကြောင်း သိရသည်။ မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလက စတင်တည်ထောင်ခဲ့ကြောင်း သိရသည်။

လက်ရှိကာလတွင် သီလဝါအထူးစီးပွားရေးဇုန်၏ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၀၅၅ သန်းရှိပြီး ယခုအပိုင်း(ခ)စီမံကိန်းဆောက်လုပ်ပြီးစီးပါက အလုပ်အကိုင်အခွင့်အလမ်း စုစုပေါင်း ၄၀၀၀၀ ကျော် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

■

❖ **ရှေ့ဖုံးမှ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**ပြည်သူသို့ကျေးဇူးတင်လွှာ**
**၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်**
**(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)**

၁။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် အဓိကလိုအပ်ချက်မှာ တိုင်းရင်းသားပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုနှင့် ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုပင်ဖြစ်ပါသည်။ လုံခြုံအေးချမ်းတည်ငြိမ်သော လူ့ဘောင်ကို တည်ဆောက်နိုင်ရေးတွင် နိုင်ငံတော်အစိုးရ၊ လုံခြုံရေးအဖွဲ့အစည်းများသာမက အများပြည်သူ ပူးပေါင်းပါဝင်မှုတို့လည်း လိုအပ်မည်ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေးသည် ရေရှည်တည်ဆောက်ကြိုးပမ်းရလေ့ရှိသော လုပ်ငန်းစဉ်တစ်ခုဖြစ်ရာ ရာဇဝတ်မှုများ လျော့နည်းကျဆင်းရေးနှင့် ပြည်သူများ၏ စာရိတ္တမဏ္ဍိုင်မြှင့်တင်ရေးကို ဒွန်တွဲဆောင်ရွက်သွားနိုင်ရန် အရေးကြီးလှပါသည်။ ဤသို့သောအချိန်အခါတွင် အများအကျိုးအတွက် လုံခြုံအေးချမ်းတည်ငြိမ်သော လူ့ဘောင်တည်ဆောက်ရေးအတွက် ပြည်သူထဲမှပြည်သူတို့၏ စွန့်လွှတ်မှု၊ ရဲရင့်မှု၊ အနစ်နာခံမှုတို့သည် တန်ဖိုးမဖြတ်နိုင်သော လူမှုရေးရာ မီးရှူးတန်ဆောင်များဟု ဆိုနိုင်ပါသည်။

၂။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဧရိယာအတွင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေမြင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ အင်ဒိုနီးရှားနိုင်ငံ ခရီးစဉ်အပြန်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဥပဒေအကြံပေးဖြစ်သူ တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်သမား ကြည်လင်းက သေနတ်ဖြင့် အနီးကပ်လုပ်ကြံသတ်ဖြတ်မှု ဖြစ်ပွားခဲ့ပါသည်။

၃။ လုပ်ကြံသတ်ဖြတ်ပြီးနောက် ထွက်ပြေးသွားသည့် လူသတ်သမားအား လေဆိပ်အငှားယာဉ်ရပ်နားစခန်းအတွင်းရှိ အငှားယာဉ်မောင်းများနှင့် တာဝန်သိပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ကြပါသည်။ ထိုသို့ဖမ်းဆီးရာ သေနတ်ကိုင်ဆောင်ထားသည့် လူသတ်သမားအနီးသို့ အများစုကမချဉ်းကပ်ရဲသည့်အချိန်တွင် ဦးနေဝင်းသည် ရဲရဲရင့်ရင့် သတ္တိရှိစွာဖြင့် မိမိအသက်အန္တရာယ်ကိုမငဲ့ကွက်ဘဲ အတူဝင်ရောက်ဖမ်းဆီးသူများ၏ အော်ဟစ်သတိပေးနေသည့်ကြားမှ အနီးရှိအုတ်နီခဲအားကောက်ယူ၍ လူသတ်သမားအား ပစ်ပေါက်ခဲ့ရာ လူသတ်သမား၏ဦးခေါင်းနောက်စေ့ကို ထိမှန်ခဲ့ပါသည်။ အခြားသော ဝိုင်းဝန်းဖမ်းဆီးကြသူများမှာလည်း ဦးနေဝင်း၏ သတ္တိရှိရှိဆောင်ရွက်မှုကြောင့် ပိုမို၍တက်ကြွလာခဲ့ပြီး သေနတ်သမား ကြည်လင်းအား လက်ရဖမ်းဆီးနိုင်ရန် အားထုတ်ကြိုးပမ်းနိုင်ခဲ့ကြပါသည်။ သေနတ်သမား ကြည်လင်း၏ သေနတ်ဖြင့်နောက်ပြန်လှည့်၍ ပြန်လည်ပစ်ခတ်မှုကြောင့် ဦးနေဝင်း၏ဆီးခုံအား ထိမှန်သွားခဲ့ရာ ဆေးရုံသို့အချိန်မီပို့ဆောင်ခဲ့သော်လည်း ဆေးရုံသို့မရောက်မီ လမ်းခရီး၌ပင် ရရှိသည့်ဒဏ်ရာကြောင့် သေဆုံးခဲ့ရပါသည်။

၄။ ဦးနေဝင်း၏ ဆောင်ရွက်ချက်သည် မိမိအသက်ကို ပဓာနမထားဘဲ မိမိမျက်စိရှေ့မှောက်တွင် မြင်တွေ့လိုက်ရသည့်အခြေအနေအပေါ် ချက်ချင်းစဉ်းစားဆုံးဖြတ်ကာ ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး အကြမ်းဖက်လုပ်ကြံသတ်ဖြတ်သည့် လုပ်ရပ်များအား ပြည်သူများက ဆန့်ကျင်လာစေရန် နှိုးဆော်နိုင်ခဲ့သော လုပ်ဆောင်ချက်ဖြစ်ပါသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ကြိုးပမ်းအားထုတ်မှုတွင် ဦးနေဝင်း၏အသက်ကို ပေးဆပ်ခဲ့ရမှုကို အစဉ်အမြဲသတိရနေမည်ဖြစ်ပြီး ပြည်သူများအကြား ရန်လိုမုန်းတီးမှုများလျော့နည်းကျဆင်းရေး၊ အကြမ်းဖက်မှုများဆန့်ကျင်ရေးအတွက်လည်း ကြီးမားသော တွန်းအားပေးမှုတစ်ရပ် ဖြစ်လာစေခဲ့ပါသည်။




**ဇန်နဝါရီလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်ခံရသည့် ဦးနေဝင်းကို တွေ့ရစဉ်။**

၅။ သို့ဖြစ်၍မိမိ၏အသက်ဘေးအန္တရာယ်ကို မငဲ့ကွက်ဘဲ သေနတ်သမားအား ဖမ်းဆီးရမိရေးအတွက် ရဲရင့်သောပြည်သူတစ်ဦးအနေဖြင့် ကြိုးပမ်းအားထုတ်ရင်း အသက်ဆုံးရှုံးခဲ့သော ဦးနေဝင်းအား ယခုနှစ် ဇန်နဝါရီလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ပါသည်။

၆။ နိုင်ငံသူနိုင်ငံသားများအနေဖြင့်လည်း ဦးနေဝင်းကဲ့သို့ပင် ရဲရင့်ခြင်း၊ စွန့်လွှတ်ခြင်း၊ တာဝန်သိခြင်းတို့ပြည့်စုံသော ပြည်သူတစ်ယောက်အနေဖြင့် မြင့်မြတ်သော လုပ်ဆောင်ချက်၊ မတရားမှုကို ဆန့်ကျင်မှုတို့ဖြင့် နိုင်ငံသားကောင်းစိတ်ဓာတ်အရင်းခံ၍ အနာဂတ်နိုင်ငံတည်ဆောက်ရေးတွင် ပူးပေါင်းပါဝင်ကူညီပေးကြခြင်းဖြင့် အေးချမ်းတည်ငြိမ်လုံခြုံသော လူ့အဖွဲ့အစည်းကို တည်ဆောက်ပေးကြပါရန် မေတ္တာရပ်ခံလျက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

❐ **စာမျက်နှာ ၈ မှ**

ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်ဆောင်ရွက်လာခြင်းဟာ ငြိမ်းချမ်းရေးနဲ့ ဆက်စပ်နေတဲ့ အစုအဖွဲ့ရဲ့ ပူးပေါင်းပါဝင်မှုကို အားကောင်းလာမှာဖြစ်စေတဲ့အတွက် မတူကွဲပြားတဲ့အမြင်တွေ စုစည်းပါဝင်လာစေတဲ့အတွက်၊ တာဝန်ယူမှု တာဝန်ခံမှုတွေ မြှင့်တင်ပေးနိုင်တဲ့အတွက်၊ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်တွေကို များစွာအထောက်အကူဖြစ်စေမှာဖြစ်ပါတယ်”ဟု ပြောကြားသည်။

ယခုဖိုရမ်တွင် အရပ်ဘက်အဖွဲ့အစည်းများကိုယ်စား Morning Stars ဘဏ်ရည်မသန်စွမ်းအဖွဲ့မှ ဒေါ်သန်းနွယ်အောင်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းတို့က အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍအတွေ့အကြုံများကိုပြောကြားပြီး ဦးစောထွန်းထွန်းက ပထမအကြိမ် အရပ်ဘက်အဖွဲ့အစည်းများ၏ အကြိုဖိုရမ်ရလဒ်များကို ရှင်းလင်းတင်ပြသည်။

ပထမအကြိမ် အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်သို့ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ လူမှုအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**မျိုးဟိန်းအောင်(သတင်းစဉ်)**

■

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး မျက်စိခွဲစိတ်ကုသမှုခံယူနေသည့် ဝန်းသိုကျောင်းတိုက်ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီး မျက်စိခွဲစိတ်ကုသဆောင်၌ မြစ်ကြီးနားမြို့ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသီလဝံသအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီး၏ မျက်စိခွဲစိတ်ကုသမှုအခြေအနေနှင့် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ ရွှေမိုးတောင်၌ ရဟန္တာ(၁၀၀၀) ရှင်ပင်မြတ်စွာ အောင်သုခစေတီတော်ကြီး တည်ထားကိုးကွယ်မည့် အခြေအနေကို လျှောက်ထားမေးမြန်းကာ အာဟာရများ ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက် ဆရာတော်အား အာဟာရများ ဆက်ကပ်လှူဒါန်းစဉ်။(သတင်းစဉ်)

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအား ကြိုဆိုထောက်ခံကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

ယင်းထုတ်ပြန်ချက်တွင် ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတွင် ကျင်းပလျက်ရှိကြကြောင်း။

၎င်းညီလာခံကြီးတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့အပြင် NCAလက်မှတ်ရေးထိုးခြင်း မပြုရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများပါ ပါဝင်တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)နှင့် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီး၏ အားတက်သရောကြိုးပမ်းအားထုတ်မှုများကို ကော်မရှင်က ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ကြိုဆိုထောက်ခံအပ်ပါကြောင်း။

ညီလာခံကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခြင်းဖြင့် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိသည့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရရှိဖော်ဆောင်ရာတွင် များစွာအထောက်အကူဖြစ်မည်ဟု မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ယုံကြည်ပါသည်ဟု ဖော်ပြအပ်ပါကြောင်း ပါရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ်ပွဲတော်ကျင်းပရေး စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ်ပွဲတော်ကျင်းပရေး စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယခု အစည်းအဝေးသည် မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ်ပွဲတော်ကျင်းပရေး စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ ရုပ်ရှင်ကားကြီး ရိုက်ကူးရန်ဇာတ်လမ်းသုံးပုဒ်ကို ပညာရှင်များက ရွေးချယ်ပေးကြရန်နှင့် ကျန်ဇာတ်လမ်းများကို ရုပ်မြင်သံကြားဇာတ်လမ်းတွဲများဆက်လက်ရိုက်ကူးသွားရန် တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော စာပေပညာရှင်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့မှ တာဝန်ရှိသူများက ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ ဒါရိုက်တာ၊ သရုပ်ဆောင်များ ရွေးချယ်ရေး၊ ရုပ်ရှင်ကားကြီးများနှင့် ရုပ်မြင်သံကြားဇာတ်လမ်းတွဲများ ရိုက်ကူးရေးတို့ကို ဆွေးနွေးညှိနှိုင်းကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။



ယခုအစည်းအဝေးတွင် မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ်ပွဲတော်အတွက် ပေးပို့လာသော ဇာတ်လမ်း ၄၅ ပုဒ်အနက် ဆန်ခါတင် ၁၁ ပုဒ်ရွေးချယ်ထားပြီးဖြစ်ကြောင်း၊ ဇာတ်လမ်း ၁၁ ပုဒ်ထဲမှ မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ်ပွဲတော်တွင်ပြသရန် ရုပ်ရှင်ကားကြီး သုံးကားအတွက် ဇာတ်လမ်းသုံးပုဒ်ကို ရွေးချယ်ထားပြီး ကျန် ဇာတ်လမ်းများကို ရုပ်မြင်သံကြားဇာတ်လမ်းတွဲများ ရိုက်ကူးရေး ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

၁။ တရုတ်နိုင်ငံတွင် ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီ ၂၀ ရက်အတွင်း လူ ၂၅၉ ဦးတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်စ်ပိုး (H7N9)ဖြစ်ပွားခဲ့ပြီး ၈၈ ဦး သေဆုံးကြောင်း သတင်းထုတ်ပြန်ထားသည်ကိုသိရှိရပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်စ်ပိုး (H7N9)သည် ကြက်နှင့်ကြက်ထွက်ပစ္စည်းများ၊ ၎င်းတို့နှင့်ထိစပ်သော ပတ်ဝန်းကျင်မှတစ်ဆင့် လူသို့ ကူးစက်ခံရခြင်းဖြစ်ပါသည်။

၂။ ယခုအခါ မြန်မာနိုင်ငံတွင် ဖြစ်ပွားမှုမရှိသေးသော်လည်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တရုတ်နိုင်ငံနှင့်ထိစပ်နေသည့် နယ်စပ်ဒေသများရှိ Check Pointများတွင် ကြက်၊ ဘဲနှင့် ကြက်ထွက်ပစ္စည်းများ တင်သွင်းမှုများကို စစ်ဆေးခြင်း၊ Epidemiological Team နှင့် Inspection Team များမှလည်း မြန်မာနိုင်ငံ နယ်စပ်ဒေသဖြစ်သည့် ရှမ်းပြည်နယ် မူဆယ်သို့ ကွင်းဆင်း၍ ရောဂါစူးစမ်းလေ့လာခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၃။ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုမဖြစ်ပွားစေရေးအတွက် ကြက်/ငုံးခြံများကို ဇီဝလုံခြုံမှုမြှင့်တင်ရန် အထူးလိုအပ်ပါသည်။ သို့ဖြစ်ပါ၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(က) ဆောင်းခိုငှက်များနှင့် အိမ်မွေးကြက်၊ငှက်၊ ဘဲနှင့်ငုံးများ ဆက်စပ်ထိတွေ့မှုမရှိစေရေး ဂရုပြုဆောင်ရွက်ရန်၊

(ခ) ကြက်၊ ဘဲနှင့်ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူး ဂရုပြုဆောင်ရွက်ရန်၊

(ဂ) ကြက်၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) မွေးမြူရေးခြံအတွင်းသို့ ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျ ဝတ်ဆင်ရန်၊

(င) ကြက်ငှက်များကို ကိုင်တွယ်ပြီးတိုင်း ကြက်ခြံမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့်လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများဆောင်ရွက်ရန်၊

(စ) အသား၊ ဥတို့ကို သေချာစွာ ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(ဆ) ကြက်ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဇ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ်(၁၇)အား ဆုံးဖြတ်ချက်(အမိန့်)ချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၂)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ဦးလှဆွေ(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)က ယင်းမဲဆန္ဒနယ်၏ လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးလွင်(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) ရရှိသောမဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲများမပါဝင်ပါက လျှောက်ထားသူသည်သာ ခိုင်လုံမဲအများဆုံးရရှိသူဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာပေးပါရန် ကန့်ကွက်လွှာတင်သွင်းထားမှုကို ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ်(၁၇/၂၀၁၅)ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လက်ခံခဲ့ကြောင်း သိရသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ခုံအဖွဲ့ဝင်များအဖြစ် ဦးကျော်သူနှင့် ဦးခင်မောင်ဝင်းတို့ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့(၄)ကကြားနာစစ်ဆေးပြီးနောက် ဖေဖော်ဝါရီ ၂၄ ရက်တွင် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၁၂)၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးပြုံးလွင်အား ရွေးကောက်တင်မြှောက်ခြင်းသည် ပျက်ပြယ်ခြင်းမရှိ တရားဝင်အတည်ဖြစ်သည်ဟု ဆုံးဖြတ်ပြီး လျှောက်ထားသူ၏ ကန့်ကွက်လွှာကို တရားစရိတ်နှင့်တကွ ပယ်ကြောင်းနှင့် လျှောက်ထားသူ ဦးလှဆွေက တရားစရိတ်ငွေကျပ် တစ်သိန်းကို လျှောက်ထားခံရသူ ဦးပြုံးလွင်အား ပေးစေသည့် ဆုံးဖြတ်ချက်(အမိန့်)ချမှတ်ခဲ့ကြောင်း သိရသည်။

၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ကန့်ကွက်လွှာတင်သွင်းခဲ့သည့် အမှုပေါင်း(၄၅)မှုရှိပြီး ဖေဖော်ဝါရီ ၂၄ ရက်အထိ ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအားလုံးကြားနာစစ်ဆေးခဲ့ပြီး ဆုံးဖြတ်ချက်(အမိန့်)များ ချမှတ်ပြီးကြောင်းနှင့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ်(၁၇/၂၀၁၅)အပေါ် ချမှတ်ခဲ့သည့် ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၄(က)အရ အမိန့်ချမှတ်သည့်နေ့မှ ၁၅ ရက်အတွင်း အယူခံဝင်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




❑**အသေးစား၊ အလတ်စား**
ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အသေးစားနှင့် အလတ်စား လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါ အခမ်းအနားသို့ တာဝန်ရှိသူများအပါအဝင် မြန်မာ့စီးပွားရေးလုပ်ငန်း ၃၀ မှ စီးပွားရေးလုပ်ငန်းရှင်များ၊ ဂျပန်စီးပွားရေးလုပ်ငန်း ကိုးခုမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

စက်မှုဝန်ကြီးဌာန၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနအနေဖြင့် SME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း၊ နည်းပညာရရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊ Entrepreneurship Training များ ကျင်းပပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးခြင်း၊ ငွေကြေးအရင်းအနှီးများ ရရှိရန် ကူညီပေးခြင်း၊ ပြည်တွင်းရှိ SME များ၏ထုတ်ကုန်ပစ္စည်းများအား ပြည်ပဈေးကွက်ရရှိစေရန် နိုင်ငံတကာပြပွဲများတွင် ပါဝင်နိုင်အောင် ကူညီပံ့ပိုးပေးခြင်းနှင့် ပြည်ပဈေးကွက် ရရှိနိုင်ရေးနှင့် လုပ်ငန်းချဲ့ထွင်နိုင်ရေးအတွက် စီးပွားရေး ချိတ်ဆက်ဆောင်ရွက်နိုင်ရန် Business Matching အခမ်းအနားများ ကျင်းပပေးခြင်းများကို ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းညှိနှိုင်းပေးလျက်ရှိကြောင်း သိရသည်။ **(၀၀၁)**



## ထိုင်းနိုင်ငံရှိ ဓမ္မကာယကျောင်းတော်ကြီးအား အင်အားသုံးဖြိုခွင်းခြင်း မပြုလုပ်ရန် မေတ္တာရပ်ခံဆုတောင်းပွဲ ရန်ကုန်မြို့ရှိ ထိုင်းသံရုံးရှေ့၌ ပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**
ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဓမ္မကာယကျောင်းတော်ကြီးအား အင်အားသုံးဖြိုခွင်းခြင်း မပြုလုပ်ရန် မေတ္တာရပ်ခံဆုတောင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာထိုင်းသံရုံးရှေ့၌ ပြုလုပ်ကြသည်။

အဆိုပါ မေတ္တာရပ်ခံဆုတောင်းပွဲအဖြစ် ယနေ့မွန်းတည့် ၁၂ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံးရှေ့၌ အမျိုးသားရေးနှင့် ဘာသာရေးလှုပ်ရှားသော ရဟန်းသံဃာတော်များနှင့် လူပုဂ္ဂိုလ်များက “ထိုင်းဘုရင်ကြီးနှင့်တကွ ရဟန်းရှင်လူ ပြည်သူများ ကျန်းမာပါစေ၊ ချမ်းသာပါစေ”၊ “ဓမ္မကာယ သံဃာတော်များနှင့် လူပုဂ္ဂိုလ်များ အကြမ်းဖက်ဘေးမှ ဝေးပါစေ”၊ “ဗုဒ္ဓသာသနာနှင့် ဓမ္မကာယ ကျောင်းတော်ကြီးခိုင်မြဲပါစေ၊ တည်တံ့ပါစေ”ဟု မြန်မာ၊ ထိုင်း၊ အင်္ဂလိပ်သုံးဘာသာတို့ဖြင့် ရေးသားထားသော ဗီနိုင်းများ ကိုင်ဆောင်ကာ ကြွေးကြော် ဆုတောင်းမှုများပြုလုပ်ကြသည်။

ငွေကြေးခဝါချမှုဖြင့် သတင်းထွက်နေသော ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဓမ္မကာယ ဘုန်းကြီးကျောင်း၏ ကျောင်းထိုင်ဘုန်းကြီးကို ထိုင်းရဲတပ်ဖွဲ့က ဖမ်းဆီးရန် ဖေဖော်ဝါရီ ၂၀ရက်တွင် ရှာဖွေရာ ထိုင်းဘုန်းကြီးများနှင့် ထိုင်းရဲတပ်ဖွဲ့ဝင်များ ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့မှုအပေါ် ယင်းကဲ့သို့ မေတ္တာရပ်ခံဆုတောင်းပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)**

## မောင်တောမြို့နယ်တွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံသင်တန်း ဖွင့်လှစ်

**မောင်တော ဖေဖော်ဝါရီ ၂၄**
ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံသင်တန်းကို မောင်တောမြို့ ဒေဝါနဒီခန်းမ၌ ယနေ့ နံနက်ပိုင်းက ပြုလုပ်ရာ မောင်တောမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က အဖွင့်အမှာစကား ပြောကြားပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။

“သင်တန်းကတော့ ဘေးအန္တရာယ်စီမံခန့်ခွဲရေးအခြေခံ သင်တန်းဖြစ်ပါတယ်။ အခြားမြို့နယ်တွေမှာတော့ ဖွင့်ခဲ့ပြီးပါပြီ။ မောင်တောမြို့နယ်မှာ ပထမဦးဆုံး လာရောက်ဖွင့်လှစ်တဲ့ သင်တန်းဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်ကျရောက်တဲ့အခါ ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေရယ်၊ ကျရောက်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွေရယ်ကို ပို့ချသွားမှာပါ။ သဘာဝဘေးအန္တရာယ်ဆိုတာ တစ်ဦးတစ်ယောက်တည်း လုပ်လို့ရတဲ့ အလုပ်မဟုတ်တဲ့အတွက် အားလုံးပါဝင်ကူညီကျဖို့ လိုအပ်ပါတယ်”ဟု ရခိုင်ပြည်နယ် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းက ပြောကြားသည်။

အဆိုပါ သင်တန်းတွင် မောင်တောမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများမှ သင်တန်းသားသင်တန်းသူ ၃၀ တက်ရောက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၇ ရက်အထိ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းတွင် ရာသီဥတုပြောင်းလဲခြင်းနှင့် သက်ရောက်မှုများ၊ သဘာဝဘေးများအကြောင်း၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေး၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်ချက်၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေနှင့်နည်းဥပဒေများ၊ ကြိုတင်ကာကွယ်ခြင်း၊ အန္တရာယ်နှင့် ထိတွေ့နိုင်မှု၊ ရပ်ရွာလူထုအခြေခံသော သဘာဝဘေးစီမံခန့်ခွဲမှု သဘာဝဘေးအန္တရာယ်စီမံချက်ရေးဆွဲခြင်း၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း အစရှိသည့် အကြောင်းအရာများကို ပို့ချဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရ၊ အေးမင်းသူ**



## အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြိုလက်ရည်စစ် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**
(၂၉) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အကြိုလက်ရည်စစ် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

လက်ရည်စစ်ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများအသင်း ရန်ပုံငွေပွဲအဖြစ် စီစဉ်ကျင်းပခြင်းဖြစ်ပြီး သုံးချီစိန်ခေါ်ပွဲ ခြောက်ပွဲနှင့် ငါးချီ စိန်ခေါ်ပွဲ လေးပွဲတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ရိုးရာလက်ဝှေ့သုံးချီစိန်ခေါ်ပွဲတွင် ဂျိုကာ(အဖြူရောင်သွေးသစ်)နှင့်ကျားရဲ (AMT)၊ အောင်တိုင်းမောင် (Mandalay 1886) နှင့် ဖိုက်တာ (အဖြူရောင်သွေးသစ်)၊ နေဒေါင်း (AMT)နှင့် နေသွေး(ရန္တမိတ်)၊ နေလင်းမာန် (Mandalay 1886) နှင့်စောသန့်ဇင် (အဖြူရောင်သွေးသစ်)၊ ပါပါ (ထွန်းသွင်)နှင့် ခွန်အာကာ (Mandalay 1886) ၊ ဇာမဏီသွေး(ရန္တမိတ်) နှင့် မျိုးဇော် (အဖြူရောင်သွေးသစ်) တွဲဆိုင်းများက ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

ရိုးရာလက်ဝှေ့ငါးချီစိန်ခေါ်ပွဲများတွင် လေးနိုင် (တိုက်ဂါး)နှင့် ထူးနေသူ(တောင်ကလေး)၊ တိမ်တိုက်(ထွန်းသွင်)နှင့် ကျန်ကျောင်း(ဗမာ့သွေး)၊ မင်းထက်ကျော်(တိုက်ဂါး)နှင့် စောဒါဝိတ်(တောင်ကလေး)၊ဝမ်းစတား(တိုက်ဂါး)နှင့်စောမင်းအောင်(တောင်ကလေး)တို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **(အောင်ကျော်ဦး)**

## ကွန်ကရစ်ရေတံလျှောက်များ ကြံ့ခိုင်မှုပြုလုပ်စဉ် မြို့နယ်အချို့ရေအားနည်းခြင်း၊ ပြတ်တောက်ခြင်းဖြစ်ပေါ်နိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချရေး စီမံခန့်ခွဲမှုဦးစီးဌာနပိုင် ဝါးဒလယ်ကွန်ကရစ်ရေတံလျှောက် အထွက်မြောင်းကြံ့ခိုင်မှုဆောင်ရွက်မည့် လုပ်ငန်းအား မတ် ၁ရက်မှ ၆ ရက်အတွင်း ဆောင်ရွက်မည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်စဉ်အတွင်း ညောင်နှစ်ပင် ရေသန့်စင်စက်ရုံသို့ ရေဝင်ရောက်မှု ပြတ်တောက်မည်ဖြစ်ပါ၍ ညောင်နှစ်ပင်ရေသန့်စင်စက်ရုံမှ ရေပေးဝေလျက်ရှိသော မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ၊သင်္ဃန်းကျွန်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ သာကေတ၊ဒေါပုံ၊ မရမ်းကုန်း၊ ရန်ကင်း၊ ဗဟန်း၊ ဒဂုံ၊ အလုံ၊စမ်းချောင်း၊ ကြည့်မြင်တိုင်နှင့် ရန်ကုန်မြို့တွင်း မြို့နယ်များတွင် မတ် ၁ ရက် နံနက် ၆ နာရီမှ မတ် ၆ ရက် ည ၈ နာရီအထိ ရေပြတ်တောက်မှုနှင့်ရေအားလျော့နည်းမှုများ ဖြစ်ပေါ်လာမည်ဖြစ်ပါ၍ ရေကြိုတင် စုဆောင်းအသုံးပြုနိုင်ပါရန်နှင့် ရေလိုအပ်ချက်ရှိပါက အရှေ့ပိုင်းခရိုင်မှူး ၀၉-၅၁၈၈၄၂၈၊ အနောက်ပိုင်းခရိုင်မှူး ၀၉-၇၃၀၀၀၀၅၈၊ တောင်ပိုင်းခရိုင်မှူး ၀၉-၅၀၅၄၅၆၅၊ မြောက်ပိုင်းခရိုင်မှူး ၀၉-၅၀၈၁၂၂၉ တို့သို့ ဆက်သွယ်တောင်းခံနိုင်ကြောင်း အသိပေးနှိုးဆော်ထားသည်။

“ကွန်ကရစ်ရေတံလျှောက်များ ကြံ့ခိုင်မှုပြုလုပ်နေတုန်း လေးခရိုင်လုံး ရေပြတ်တောက်မှာမဟုတ်ပါဘူး။ အဓိကဖြစ်နိုင်ခြေများတာကတော့ အရှေ့ပိုင်းခရိုင်ထဲက မြို့နယ်အချို့သာဖြစ်ပါတယ်။ အနောက်ပိုင်း၊ တောင်ပိုင်းနဲ့မြောက်ပိုင်းခရိုင်ရှိ မြို့နယ်တွေဟာ ဂျိုးဖြူ ဖူးကြီး၊ လှော်ကားရေလှောင်ကန်တွေက နေ့စဉ် ဖြန့်ဝေမှုကို ပုံမှန်အတိုင်း ဖြန့်ဝေပေးသွားမှာပါ”ဟု အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဒုတိယဌာနမှူး ဦးမျိုးသိန်းက ပြောသည်။

**စောသိန်းဝင်း**

■**ယူရိုပါလိဂ်မှ**
ဂျာမနီဘွန်ဒက်လီဂါကလပ် ရှော်လ်ကေးအသင်းသည် ပြည်တွင်းလိဂ်ပြိုင်ပွဲတွင် ပြိုင်ဘက်အသင်းအဖြစ် ယှဉ်ပြိုင်နေရသည့် မိုချန်ဂလာဘတ်ချ်အသင်းနှင့်လည်းကောင်း၊ ပြင်သစ်ကလပ် လိုင်ယွန်အသင်းမှာ အီတလီစီးရီးအေကလပ် ရိုးမားအသင်းနှင့်လည်းကောင်း ထိပ်တိုက်တွေ့ဆုံနေသည်။

ထို့ပြင် ဂရိကလပ်အိုလံပီယာကို့စ်အသင်းသည် တူရကီကလပ် ဘီဆစ်ခ်တက်စ်အသင်းနှင့်လည်းကောင်း၊ ဘယ်လ်ဂျီယံကလပ်အသင်းဖြစ်သည့် ဂျန့်အသင်းသည် ပြည်တွင်းလိဂ်ပြိုင်ဘက် ဂျန့်ခ်အသင်းနှင့် လည်းကောင်း၊ ဒိန်းမတ်ကလပ် ကိုပင်ဟေဂင်အသင်းသည် နယ်သာလန်ကလပ် အေဂျက်အသင်းနှင့်လည်းကောင်း အသီးသီးတွေ့ဆုံနေကြောင်း သိရသည်။

ယခုမဲခွဲဆုံးဖြတ်လိုက်သည့် ယူရိုပါလိဂ်ပြိုင်ပွဲ၏ (၁၆)သင်း အဆင့်ပွဲစဉ်များကို မတ် ၉ ရက်နှင့် ၁၆ ရက်တို့တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**(ငွေကြယ်)**

# နိုင်ငံခြားသားများပါဝင်သော မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းနှင့် ငွေကျပ်သန်းပေါင်းများစွာတန်ဖိုးရှိ မူးယစ်ဆေးဝါးအမြောက်အမြား သိမ်းဆည်းရမိခဲ့မှုတွင် ထွက်ပြေးတိမ်းရှောင်နေသော တရားခံ ၁၆ ဦး ဖမ်းဆီးရမိရေး ပြည်တွင်း/ပြည်ပ တားဆီးနှိမ်နင်းရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

နိုင်ငံခြားသားများပါဝင်သော မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းနှင့် ငွေကျပ်သန်းပေါင်း ၄၃၃၄၈ ဒသမ ၃၁ တန်ဖိုးရှိ မူးယစ်ဆေးဝါးအမြောက်အမြား ဖော်ထုတ်သိမ်းဆည်းရမိခဲ့မှုတွင် ထွက်ပြေးတိမ်းရှောင်နေသော တရားခံ ၁၆ ဦး ဖမ်းဆီးရမိရေး ပြည်တွင်း/ပြည်ပ တားဆီးနှိမ်နင်းရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

အမှုနှင့်ပတ်သက်၍ တားဆီးနှိမ်နင်းရေးအဖွဲ့များက စစ်ဆင်ရေးအသွင်ဖြင့် စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့ရာ ဖမ်းဆီးရမိ တရုတ်နိုင်ငံသားများအား မြန်မာနိုင်ငံအတွင်း စီးပွားရေးဗီဇာဖြင့် ဝင်ခွင့်ရရှိရေးဆောင်ရွက်ပေးပြီး အမှုတွင် ဆက်စပ်ပါဝင်သူ Lucky Pioneer Co.,Ltd. ဒါရိုက်တာရန်နိုင်ထွန်းအား နိုဝင်ဘာ ၂၁ ရက်တွင်လည်းကောင်း၊ မူးယစ်ဆေးဝါးသယ်ဆောင်ရန် ပွဲစားအဖြစ်ဆောင်ရွက်သူ မထွန်းထွန်းဝင်းအား ဒီဇင်ဘာ ၉ ရက်တွင် တာချီလိတ်မြို့၌လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက နိုင်ငံခြားသားများပါဝင်သော မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းတစ်ခုသည် မူးယစ်ဆေးဝါးအမြောက်အမြားကို အက်ဒမန်ပင်လယ်ပြင်မှတစ်ဆင့် နိုင်ငံတကာဈေးကွက်သို့တင်ပို့ရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသဖြင့် စုံစမ်းထောက်လှမ်းမှုများ အချိန်ယူဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရန်ကုန်-တိုင်ပေ လေယာဉ်ခရီးစဉ်ဖြင့် လိုက်ပါမည့် တရုတ်(တိုင်ပေ)နိုင်ငံသား CAI JENG ZE အား ကက်တမင်း ၁၆၀ ဂရမ်နှင့်အတူ စတင်ဖမ်းဆီးရမိခဲ့သည်။

ယင်းနောက် ၎င်းတို့ငှားရမ်းနေထိုင်ရာ ပုဇွန်တောင်မြို့နယ်အတွင်း စုံစမ်းစောင့်ကြည့်မှုများပြုလုပ်စဉ် အဆိုပါအခန်းနေသူများမှာ မူးယစ်ဆေးဝါးသို့ဝှက်ထားသည့်နေရာမှ ဆိပ်ကမ်းတစ်နေရာသို့ မူးယစ်ဆေးဝါးများကို အမြန်ဆုံး သယ်ဆောင်နိုင်ရေး ကြိုးပမ်းနေကြောင်း စုံစမ်းဖော်ထုတ်သိရှိရသဖြင့် စောင့်ကြည့်မှုများ ပြုလုပ်ခဲ့ပြီး နိုဝင်ဘာ ၁၇ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရပ်ကွက်တွင် တရုတ် (ဟောင်ကောင်)နိုင်ငံသား HUNG CHING KIN နှင့် တရုတ်(တိုင်ပေ)နိုင်ငံသား WANG WEI JUNG တို့၏ ကွန်တိန်နာမော်တော်ယာဉ်နှင့် သယ်ဆောင်လာသည့် အိုက်စ် ၁၁၁၀ ကီလိုအား လက်ရသိမ်းဆည်းရမိခဲ့သည်။



အောင်ကျော်မြင့်(ခ) ထန်လျန်ခုပ်၏ နေအိမ်မျက်နှာကြက်အတွင်း ဝှက်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြားများ။



LIN SHIH CHANG နှင့် LIN CHENG CHUN တို့ ငှားရမ်းနေထိုင်သည့် နေအိမ်အတွင်းမှ သိမ်းဆည်းရမိသည့် ကက်တမင်း။

ဆက်လက်၍ ယင်းနေ့တွင် ၎င်းတို့ မူးယစ်ဆေးဝါးသိုလှောင်ရန် ငှားရမ်းထားသည့် သင်္ဃန်းကျွန်းမြို့နယ် ဆယ်သိန်းရပ်ကွက်အတွင်းရှိ နေအိမ်ကို ဆက်လက်ရှာဖွေရာ တရုတ်(တိုင်ပေ)နိုင်ငံသား LIN SHIH CHANG နှင့် LIN CHENG CHUN တို့အား ကက်တမင်း ၆၂၂ ဒသမ ၃ ကီလိုနှင့် မူးယစ်ဆေးဝါးထုပ်ပိုးကိရိယာများနှင့်အတူ ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စုံစမ်းဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများကို အက်ဒမန်ပင်လယ်ပြင်တွင် စောင့်ဆိုင်းသယ်ယူမည့် ပင်လယ်ကူးသင်္ဘောသို့ ဖျာပုံဆိပ်ကမ်းမှ တစ်ဆင့် ငါးဖမ်းစက်လှေဖြင့် ပို့ဆောင်ရန်အတွက် စက်လှေငှားရမ်းရန် စီစဉ်ခဲ့သူ အောင်ကျော်မြင့် (ခ)ထန်လျန်ခုပ်နေထိုင်သည့် မင်္ဂလာဒုံမြို့နယ် ပတ္တမြားမြို့သစ်ရှိနေအိမ်ကို ဒီဇင်ဘာ ၁၀ ရက်ကရှာဖွေရာ ၎င်းမှာတိမ်းရှောင်နေပြီး နေအိမ်မျက်နှာကြက်နှင့် ခေါင်မိုးကြားတွင် လျှို့ဝှက်သိမ်းဆည်းထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၄၆၆၄၆၀ နှင့် ဘိန်းဖြူ ၆၈၅ ဂရမ်ကိုလည်းကောင်း၊ နိုင်ငံခြားသားများအတွက် မူးယစ်ဆေးဝါးများရရှိရန်နှင့် သယ်ပို့ရန်အားပေးကူညီဆောင်ရွက်ပေးသူ ရန်ခိုင်းကွဲ့နှင့်ဇနီး မရန်ရင်ဟွေ့တို့နေထိုင်သည့် နမ့်စန်မြို့နယ် ဝမ်ပုံကျေးရွာအုပ်စု အမှတ်(၁)ကျေးရွာ ပတ္တမြားလမ်း အိမ်အမှတ်(၄၈) နေအိမ်ကို ဒီဇင်ဘာ ၁၁ ရက်ကရှာဖွေရာ ၎င်းတို့အား မတွေ့ရှိဘဲ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၊ ၉ မမ ပစ္စတိုသေနတ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ ၎င်းကျည် ၅၁ တောင့်တို့အားလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့ပြီး အမှုမှ တိမ်းရှောင်နေသူ ရန်ခိုင်းကွဲ့နှင့်ဇနီး မရန်ရင်ဟွေ့တို့အား ဒီဇင်ဘာ ၁၂ ရက်တွင် လားရှိုးမြို့၌ ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

နိုင်ငံခြားသားများပါဝင်သည့် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ကို ငွေကျပ်သန်းပေါင်း ၄၃၃၄၈ ဒသမ ၃၁ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ မော်တော်ယာဉ် ၁၀ စီး၊ ဆိုင်ကယ်တစ်စီး၊ မြန်မာငွေကျပ် ၄ ဒသမ ၈ သိန်း၊ အမေရိကန် ဒေါ်လာ ၉၂၉၀၊ တရုတ်ငွေ ၆၇၀၄ ယွမ်၊ ဟောင်ကောင်ငွေ ဒေါ်လာ ၅၀၀၀၊ ထိုင်ဝမ်ငွေ ဒေါ်လာ ၃၀၀၊ ထိုင်းငွေ ဘတ် ၂၀၂၀၊ ဖိလစ်ပိုင်ငွေ ၆၅၀ ပီဆို၊ ရွှေထည်ပစ္စည်း ကိုးမျိုးတို့နှင့်အတူ ဖမ်းမိတရားခံတရုတ် (ဟောင်ကောင်) နိုင်ငံသားတစ်ဦး၊ တရုတ်(တိုင်ပေ)နိုင်ငံသား လေးဦး၊ မြန်မာနိုင်ငံသားလေးဦး ပေါင်းကိုးဦး၊ တိမ်းရှောင်ထွက်ပြေးနေသော တရားခံ တရုတ်နိုင်ငံသားတစ်ဦး၊ တရုတ်(တိုင်ပေ)နိုင်ငံသား လေးဦး၊ ထိုင်းနိုင်ငံသား တစ်ဦး၊ မြန်မာနိုင်ငံသား ၁၀ ဦး ပေါင်း ၁၆ ဦးတို့အား သက်ဆိုင်ရာရဲစခန်းအသီးသီးတွင် ဖွင့်လှစ်ထားသည့် အမှုများနှင့် ထည့်သွင်းအရေးယူထားပြီး ၎င်းတို့အား ဖမ်းဆီးရမိရေးအတွက် ပြည်တွင်း/ပြည်ပ တားဆီးနှိမ်နင်းရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြေဆီအိတ်များနှင့် ရောနှောသယ်ဆောင်လာသည့် အမိုနီယမ်နိုက်ထရိတ်ဟု ယူဆရသောအိတ်များနှင့် သယ်ဆောင်လာသည့်ယာဉ်များအား သိမ်းဆည်းရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

မြေဆီ (Fertilizer) ဟု ယူဆရသောအိတ်များနှင့် ရောနှောသယ်ဆောင်လာသော အမိုနီယမ်နိုက်ထရိတ်ဟု ယူဆရသည့် အိတ်များနှင့် ယင်းတို့ကို သယ်ဆောင်လာသော ယာဉ်များအား ဖေဖော်ဝါရီ ၂၁ ရက်က မန္တလေးတိုင်းဒေသကြီး ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့ကြားရှိ ၁၆ မိုင်ကျောက်ချောစစ်ဆေးရေးစခန်းတွင် တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ Nissan UD အမျိုးအစား ၂၂ ဘီးတွဲယာဉ်နှစ်စီးနှင့် FUSO ၁၂ ဘီးယာဉ် တစ်စီးတို့အား စစ်ဆေးခဲ့ရာ Future Smooth Co.,Ltd. မှ သွင်းကုန်ကြေညာလွှာ ID ဖြင့် Fertilizer(မြေဆီ) ဟု ကြေညာတင်သွင်းလာပြီး Fertilizer (မြေဆီ) ဟု ယူဆရသော အိတ် ၆၃၉ အိတ် (၃၁၉၅၀ ကီလိုဂရမ်)နှင့် ရောနှောသယ်ဆောင်လာသော အမိုနီယမ်နိုက်ထရိတ်ဟု ယူဆရသော အိတ် ၁၃၀၀ (၆၅၀၀၀ ကီလိုဂရမ်)နှင့် သယ်ဆောင်လာသည့် ယာဉ်များအပါအဝင် စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် ၁၃၂ ဒသမ ၅၈၅ သန်းခန့်အား သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်းများ၊ အထူးကင်း၊ ရေပူစစ်ဆေးရေးစခန်းနှင့် အကောက်ခွန် နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ အရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက်အထိ တစ်ပတ်တာအတွင်း ခန့်မှန်းတန်ဖိုးကျပ် ၄၈၀ ဒသမ ၀၃၅ သန်းခန့် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ယင်းသို့ သိမ်းဆည်းရမိခဲ့ရာတွင် ပဲခူးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနရုံးက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးကျပ် ၅၀ ဒသမ ၉၅ သန်း)၊ မန္တလေးတိုင်းဒေသကြီး အကောက်ခွန် ဦးစီးဌာနမှူးရုံးက တားဆီးမှု ၂၇ မှု(ခန့်မှန်းတန်ဖိုး ၄၁၆ ဒသမ ၆၉၅ သန်း)၊ မူဆယ်မြို့နယ် အကောက်ခွန် ဦးစီးဌာနရုံးက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၁ ဒသမ ၃ သန်းခန့်)၊ ကျိုင်းတုံမြို့နယ် အကောက်ခွန် ဦးစီးဌာနရုံးက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၂ ဒသမ ၆၈ သန်းခန့်)၊ ထားဝယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနရုံးက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၁ ဒသမ ၂ သန်းခန့်) နှင့် ရေပူစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးကျပ် ၇ ဒသမ ၂၁ သန်းခန့်) စုစုပေါင်း ၃၉ မှု (ခန့်မှန်းတန်ဖိုးကျပ် ၄၈၀ ဒသမ ၀၃၅ သန်း) သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**(၀၀၁)**



# ကျပ်သန်းပေါင်း ၄၈၀၀၀ ကျော်တန်ဖိုးရှိ ကိုကင်းများ ရွှေပြည်သာမြို့နယ်၌ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ရွှေပြည်သာမြို့နယ် စက်မှုဇုန်ရှိ ကုမ္ပဏီတစ်ခု၏ဂိုဒေါင်တွင် ပြည်ပမှ တင်သွင်းသောသကြားအိတ်များနှင့် ရောနှော၍ ကိုကင်းတုံး ၂၀၀ (အလေးချိန် ၂၀၀ ကီလို) မြန်မာငွေကျပ်သန်းပေါင်း ၂၁၇၆၀ ခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို ဖေဖော်ဝါရီ ၂၃ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေပြည်သာမြို့နယ် စက်မှုဇုန်ရှိ ကုမ္ပဏီတစ်ခု၏ ဂိုဒေါင်တွင် ပြည်ပမှတင်သွင်းသော သကြားအိတ်များနှင့်ရောနှော၍ မသင်္ကာဖွယ်အတုံးအခဲများထည့်ထားသည့် ခရီးဆောင်အိတ်များတွေ့ရှိကြောင်း ကုမ္ပဏီ၏တာဝန်ရှိသူ၏ သတင်းပေးပို့ချက်အရ နယ်မြေခံရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့မှ သွားရောက်စစ်ဆေးခဲ့ရာ ကွန်တိန်နာဖြင့် တင်ဆောင်ထားသည့် သကြားအိတ် ၅၀၆ အိတ်နှင့်အတူ ခရီးဆောင်အိတ် (Sport Bags) ခုနစ်အိတ်ဖြင့်ထည့်ထားသည့် အဆိုပါ မူးယစ်ဆေးဝါးများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ ရွှေပြည်သာမြို့နယ် စက်မှုဇုန်ရှိကုမ္ပဏီတစ်ခု၌ ဖေဖော်ဝါရီ ၁၆ ရက်က ပြည်ပမှပို့လာသော သကြားအိတ်များ တင်ဆောင်ထားသည့် ကွန်တိန်နာအတွင်းမှ တစ်ကီလိုခန့်စီပါ ကိုကင်း ၂၅၀ တုံး(အလေးချိန် ၂၅၀ ကီလို) တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ပြည်ပမှပေးပို့လာသည့် သကြားအိတ် ၈၁၀၀ အား ကွန်တိန်နာ ၁၅ လုံးဖြင့် သယ်ဆောင်လာရာ မြန်မာ့စက်မှုဆိပ်ကမ်းမှ ကုမ္ပဏီဂိုဒေါင်အရောက် သကြားအိတ်များပြန်လည်ချစဉ် သကြားအိတ်များနှင့်ရောနှော၍ အိတ်ခွံတူ မသင်္ကာဖွယ် အတုံးအခဲများပါရှိသည့် ရှစ်အိတ်အားတွေ့ရှိရသဖြင့် ကုမ္ပဏီမန်နေဂျာက သတင်းပေးပို့ခဲ့ရာ နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးစဉ် မသင်္ကာဖွယ်အတုံးများမှာ ကိုကင်း(မူးယစ်ဆေးဝါး)ဖြစ်ပြီး မြန်မာငွေကျပ် သန်းပေါင်း ၂၇၂၀၀ ခန့်တန်ဖိုးရှိ ကိုကင်းဘလောက်တုံး ၂၅၀ (အလေးချိန် ၂၅၀ ကီလို) ကို သိမ်းဆည်းရမိပြီး ပြစ်မှုကျူးလွန်သူများအား အင်းစိန်ရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိကာ နိုင်ငံတကာမူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့များနှင့် ပူးပေါင်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပရီမီယာလိဂ်ဆွတ်ခူးပေးခဲ့သည့် နည်းပြအား ထုတ်ပယ်လိုက်ပြီ

ပရီမီယာလိဂ် လက်ရှိချန်ပီယံအသင်းဖြစ်သည့် လက်စတာစီးတီးအသင်းသည် ပရီမီယာလိဂ်ဖလား ဆွတ်ခူးပေးခဲ့သည့်နည်းပြ ကလော်ဒီယိုရာနီရီအား ဖလားရရှိပြီး ကိုးလအကြာတွင် နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီဖြစ်သည်။ လက်စတာစီးတီးအသင်းသည် လက်ရှိ ပရီမီယာလိဂ်ချန်ပီယံဖြစ်သော်လည်း ယခုအမှတ်ပေးဇယားတွင်မူ ကစားရန် ၁၃ ပွဲအကျန်အနေအထားတွင် တန်းဆင်းဇုန် အထက်တစ်မှတ်အကွာဖြင့် ရပ်တည်နေသည့်အသင်းဖြစ်သည်။

လက်စတာစီးတီးအသင်းသည် ချန်ပီယံလိဂ်ဖလားပြိုင်ပွဲ၏ (၁၆)သင်းအဆင့် ပထမအအကျော့ပွဲစဉ်ဖြစ်သည့် ဆီဗီလာအသင်းနှင့် ပွဲစဉ်တွင် ဆီဗီလာအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး အဆိုပါပွဲစဉ်ကစားပြီး ၂၄ နာရီအကြာတွင် နည်းပြ ကလော်ဒီယိုရာနီရီအား လက်စတာစီးတီးအသင်းက ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

လက်စတာစီးတီးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် အခြားပြိုင်ဘက်အသင်းများအား ၁၀ မှတ်အထိဖြတ်ကာ ပရီမီယာလိဂ်ဖလားကို ရယူနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ပိုင်းမှာ အတော်လေးဆိုးရွားခဲ့သည်။ ပြီးခဲ့သည့်ဘောလုံးရာသီက ပရီမီယာလိဂ်ပြိုင်ပွဲတွင် ဖေဖော်ဝါရီ ၂၄ ရက်တွင် ၂၆ ပွဲကစားအပြီးတွင် ရမှတ် ၅၃ မှတ်ရရှိထားခဲ့ကာ အဆင့်(၁)နေရာတွင် ရပ်တည်နိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင်မူ ဖေဖော်ဝါရီ ၂၄ ရက်တွင် ၂၅ ပွဲကစားအပြီးတွင် ရမှတ် ၂၁ မှတ်ဖြင့် အဆင့်(၁၇)နေရာတွင် ရပ်တည်လျက်ရှိသည်။

ထို့ပြင် လက်စတာစီးတီးအသင်း တန်းဆင်းရမည်ဆိုပါက ၁၉၃၈ ခုနှစ်နောက်ပိုင်း ချန်ပီယံအသင်းတန်းဆင်းရသည့် ပထမဆုံးအကြိမ် ဖြစ်လာမည်ဖြစ်ကြောင်းလည်း သိရသည်။ သို့ရာတွင် ရလဒ်ပိုင်းဆိုးရွားမှုကြောင့် လက်စတာစီးတီးအသင်းက နည်းပြ ကလော်ဒီယိုရာနီရီအား ထုတ်ပယ်ခဲ့သော်လည်း နည်းပြအား ထုတ်ပယ်သင့်၊ မထုတ်ပယ်သင့်နှင့်စပ်လျဉ်း၍ မဲပေးခဲ့ရာတွင် ၈၇ ရာခိုင်နှုန်းက မထုတ်ပယ်သင့်ဟု မဲပေးခဲ့ပြီး ၁၃ ရာခိုင်နှုန်းကသာ ထုတ်ပယ်သင့်ဟု မဲပေးခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

နည်းပြကလော်ဒီယိုရာနီရီအား ၂၀၁၅ ခုနှစ် ဇူလိုင်လတွင်း ခေါ်ယူခဲ့ပြီး ပရီမီယာလိဂ်ဖလားရယူပေးခဲ့ခြင်းကြောင့် ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းက လေးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ကိုလည်း ချုပ်ဆိုထားခဲ့သည်။ သို့ရာတွင် လက်ရှိတွင် ရလဒ်ပိုင်းဆိုးရွားခဲ့ခြင်းကြောင့် လက်စတာစီးတီးအသင်းက ထုတ်ပယ်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။ **(ငွေကြယ်)**



# မန်ယူအသင်း၌ ဆက်နေမည်ဟု အသင်းခေါင်းဆောင်ရွန်းနီပြောကြား

အင်္ဂလန်အသင်းနှင့် မန်ယူအသင်းတို့၏ အသင်းခေါင်းဆောင်ရွန်းနီသည် တရုတ်ကလပ်အသင်းများသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများရှိခဲ့ကြောင်း သတင်းများ ထွက်ပေါ်ခဲ့ပြီးနောက် မန်ယူအသင်း၌သာ




ဆက်ကစားရန် ဆန္ဒရှိကြောင်း ပြောကြားလိုက်သည်။

ထို့ပြင် တရုတ်ကလပ်အသင်းများ၏ အပြောင်းအရွှေ့ကာလသည် ဖေဖော်ဝါရီ ၂၈ ရက်တွင် ပိတ်မည်ဖြစ်သောကြောင့် တိုက်စစ်မှူးရွန်းနီအနေဖြင့် ယခုလမကုန်မီ တရုတ်အသင်းသို့ ပြောင်းရွှေ့ရန် မန်ယူအသင်းမှ ထွက်ခွာလိမ့်မည်ဆိုသည့် သတင်းများကိုမူ မန်ယူအသင်း နည်းပြမော်ရင်ဟိုက ငြင်းဆိုသွားခဲ့သည်။

မန်ယူအသင်း၏ စံချိန်တင်ဂိုးသွင်းရှင် တိုက်စစ်မှူး ရွန်းနီသည် ၂၀၀၄ ခုနှစ်အတွင်းက အဲဗာတန်အသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၂၇ သန်းဖြင့် မန်ယူအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ထိုသို့ ပြောင်းရွှေ့လာခဲ့ပြီးနောက်ပိုင်း မန်ယူအသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလားတစ်ကြိမ်နှင့် ပရီမီယာလိဂ်ဖလားငါးကြိမ်တို့ကို ဆွတ်ခူးပေးနိုင်ခဲ့သည်။

တိုက်စစ်မှူး ရွန်းနီသည် မန်ယူအသင်းနှင့် စာချုပ်သက်တမ်းမှာ ၂၀၁၉ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သော်လည်း မန်ယူအသင်းသို့မဟုတ် အဲဗာတန်အသင်းတို့အပြင် အခြားသော အင်္ဂလန်ကလပ်အသင်းများတွင် ကစားလိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

မန်ယူအသင်းသည် ပရီမီယာလိဂ်ဖလားတွင် အဆင့်(၆)နေရာတွင် ရပ်တည်နေကာ ယူရိုပါလိဂ်တွင်လည်း (၁၆)သင်းအဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ ထို့ပြင် အက်ဖ်အေဖလားပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ သို့ရာတွင် တိုက်စစ်မှူး ရွန်းနီမှာမူ ယခုနှစ်ဘောလုံးရာသီတွင် ရက်ရှ်ဖို့ဒ်၊ မာရှယ်၊ အမ်ခီတာယန်တို့ထက် ပွဲထွက်ကစားခွင့်လျော့နည်းခဲ့ကာ ပရီမီယာလိဂ်ပွဲစဉ် ရှစ်ပွဲသာလျှင် ပါဝင်ကစားခွင့်ရှိထားခဲ့သည်။

ထို့ကြောင့် တရုတ်ကလပ်အသင်းများက တိုက်စစ်မှူးရွန်းနီအား ခေါ်ယူရန်ကမ်းလှမ်းခဲ့မှုများရှိခဲ့ခြင်းဖြစ်ပြီး တိုက်စစ်မှူးရွန်းနီကမူ မန်ယူအသင်း၌ဆက်ရှိရန် ဆန္ဒရှိနေကြောင်း ပြောကြားခဲ့သည်။ **(ငွေကြယ်)**



## ရီးယဲလ်မက်ဒရစ်နှင့် ချယ်လ်ဆီးတို့အကြား ဟာဇက်အပြောင်းအရွှေ့ကို လျှို့ဝှက်ဆောင်ရွက်နေရာ ပြီးစီးလုနီးပါးအနေအထားဖြစ်နေ

ရီးယဲလ်မက်ဒရစ်အသင်းသည် ချယ်လ်ဆီးစတား ဟာဇက်ကိုခေါ်ယူရန် လျှို့ဝှက်ကြိုးပမ်းနေပြီး အဆိုပါအပြောင်းအရွှေ့မှာ ပြီးပြတ်လုနီးပါးဖြစ်နေပြီဖြစ်ကြောင်း သိရသည်။ စပိန်နာမည်ကြီး မီဒီယာလုပ်ငန်းတစ်ခုဖြစ်သည့် Talk Sports က ဟာဇက်မှာ ချယ်လ်ဆီးအသင်းတွင် ပျော်ရွှင်နေသည်ဟု ပြောကြားထားသော်လည်း သူ၏ စံပြုထားရာ ဇီဒန်းကိုင်တွယ်နေသည့် ရီးယဲလ်ကို ပြောင်းရွှေ့ရန် ပြင်ဆင်နေကြောင်း ဖော်ပြသည်။

ဟာဇက်သည် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ချိတ်ဆက်မှုအမြဲရှိနေသည့် ကစားသမားဖြစ်ပြီး ယခုအခါ အပြောင်းအရွှေ့ကိစ္စရပ်မှာ ပြီးပြတ်လုနီးပါး အခြေအနေ ရောက်ရှိနေပြီဖြစ်သည်။ ဟာဇက်သည် လက်ရှိ ချယ်လ်ဆီးအသင်း၏ ခြေစွမ်းအပေါ်လွင်ဆုံး ကစားသမားများထဲတွင် တစ်ဦးအပါအဝင် ဖြစ်သော်လည်း စီရိုနယ်လ်ဒိုနှင့် ဂါရတ်ဘေးလ်တို့ကဲ့သို့ ပရီမီယာလိဂ် အထင်ရှားဆုံးကစားသမားအဖြစ်မှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ဗိုလ်ဝင်ခံနိုင်အောင် ခြေလှမ်းပြင်နေသည်။ ဟာဇက်သာ ရီးယဲလ်ကို ရောက်ရှိလာမည်ဆိုပါက ဘင်ဇီမာကို ရီးယဲလ်မှ ထုတ်ရောင်းသွားဖွယ်ရှိနေကြောင်းလည်း သိရသည်။ ချယ်လ်ဆီး၏ ကစားသမား အဝင်၊ အထွက်ကို အဓိကဆောင်ရွက်နေသူမှာ ဒါရိုက်တာ မိုက်ကယ်အီမန်လီယိုဖြစ်ပြီး အဆိုပါအပြောင်းအရွှေ့သာ အမှန်တကယ်ဖြစ်မြောက်လာပါက ချယ်လ်ဆီးနည်းပြ ကွန်တီကို မပျော်မရွှင်ဖြစ်စေမည်ဖြစ်သည်။ **(မေလွဲ့သင်း)**




## အာဆင်နယ်မှ ဝင်းဂါးထွက်လျှင် ဘယ်လာရင်လည်း ဘာစီလိုနာပြောင်းမည်

ယခုနှစ် နွေရာသီအတွင်း အာဆင်နယ်မှ ဝင်းဂါးထွက်ခွာမည်ဆိုပါက ဘယ်လာရင်နှင့် ဘာစီလိုနာတို့ အပြောင်းအရွှေ့ကိစ္စရပ်ကို ပြန်လည်စတင်သွားမည်ဖြစ်ကြောင်း သတင်းရင်းမြစ်များက အတိအကျဖော်ပြထားသည်။ ဘာစီလိုနာအသင်းသည် ဘယ်လာရင်အတွက် ပြောင်းရွှေ့ကြေး မည်မျှသုံးရသည်ဖြစ်စေ ဝန်လေးမည်မဟုတ်ကြောင်း စပိန်သတင်းစာ မာကို ဒီပို့တီဗို၏ ဖော်ပြချက်အရ သိရသည်။ ဘယ်လာရင်မှာ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း အာဆင်နယ်အသင်းနှင့် တစ်ပတ်လုပ်ခ ပေါင် ၁၁၅၀၀၀ ဝန်းကျင်ဖြင့် ခြောက်နှစ်ခွဲ သက်တမ်းတိုးစာချုပ်ကို လက်မှတ်ရေးထိုးထားခဲ့သည်။

ပြီးခဲ့သည့်နွေဈေးကွက်အတွင်း ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းကလည်း ဘယ်လာရင်အား ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ၎င်းက အာဆင်နယ်အပေါ် သစ္စာစောင့်သိမှုနှင့် ဝင်းဂါးလက်အောက် ကစားရသည်ကို ကျေနပ်ပျော်ရွှင်ကြောင်း ပြသသည့်အနေဖြင့် အာဆင်နယ်အသင်းတွင်သာ ဆက်လက်ရှိနေခဲ့သည်။ သို့သော် ဘယ်လာရင်က ဝင်းဂါးသာ အာဆင်နယ်မှ ထွက်ခွာသွားလျှင် သူလည်း အာဆင်နယ်မှ ထွက်ခွာသွားသင့်သည်ဟု စဉ်းစားထားသလို အိုဇေးလ်နှင့် ဆန်းချက်ဇ်တို့နှစ်ဦးမှာလည်း အလားတူ အခြေအနေမျိုးပင်ဖြစ်ကြောင်း ဂါးဒီးယန်းသတင်းဌာနက ဖော်ပြသည်။

ဝင်းဂါးက အာဆင်နယ်အသင်းကို လာမည့်နှစ်ရာသီ ဆက်လက်ကိုင်တွယ်ရန် နှုတ်အားဖြင့် သဘောတူထားသော်လည်း ရာသီကုန်မှသာ အာဆင်နယ်တွင် ဝင်းဂါး ဆက်ရှိ၊ မရှိ တိတိကျကျ အဖြေထွက်မည်ဖြစ်သည်။ ဘာစီလိုနာသည် အဆိုပါအခြေအနေကို အခွင့်ကောင်းယူ၍ ဘယ်လာရင်ကို ခေါ်ယူရန် ကြိုးပမ်းသွားမည်ဖြစ်သည်။ **(မေလွဲ့သင်း)**

# ယူရိုပါလိဂ်မှ စပါးထွက်ခွာရခြင်းမှာ အဆုံးသတ်ပိုင်းအားနည်းချက်ကြောင့်ဟု အဲရစ်ဆန်ပြစ်တင်

အဲရစ်ဆန်က စပါးအသင်း ယူရိုပါလိဂ်ပြိုင်ပွဲမှ ထွက်ခွာရခြင်း၏ အဓိကအကြောင်းတရားမှာ အဆုံးသတ်ပိုင်း အားနည်းချက်ကြောင့်ဖြစ်ပြီး ယင်းအချက်ကို မပြုပြင်နိုင်သေးသမျှ မည်သည့်အခါမျှ လိုချင်သည့် ပန်းတိုင်ရောက်ရှိမည်မဟုတ်ကြောင်း ပြစ်တင်ခဲ့သည်။

အဲရစ်ဆန်က "သူတို့(ဂျန့်) အသင်းက ပထမပိုင်းတုန်းကဆို ဂိုးသွင်းခွင့်တောင် မရှိသလောက်ဖြစ်ခဲ့ပေမယ့် ချေပဂိုးရသွားတယ်။ ကျွန်တော်တို့ကတော့ ပွဲချိန်တောက်လျှောက် လွှမ်းမိုးပြီး ကစားနိုင်ခဲ့ပေမယ့် အဆုံးသတ်ပိုင်းနဲ့ ပင်နယ်တီဧရိယာအတွင်း ဘောလုံးအပေးအယူတွေ အားနည်းခဲ့လို့ အခုလို ရှုံးပွဲနဲ့ ကြုံခဲ့ရတာဖြစ်ပါတယ်"ဟု ပွဲအပြီးတွင် ပြောကြားခဲ့သည်။ ဂျန့်နည်းပြ ဟန်ဟောဇီဘရော့ကလည်း ကစားပုံမကောင်းခဲ့သည်ကို ဝန်ခံခဲ့သော်လည်း ရလဒ်ပိုင်းအတွက်မူ ဂုဏ်ယူမိကြောင်း ပြောကြားခဲ့သည်။

စပါးနှင့် ဂျန့်အသင်းတို့သည် ဝင်ဘလေကွင်းတွင် ကစားခဲ့သည့်ပွဲစဉ်တွင် နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ပြီး စပါးအသင်းက နှစ်ကျော့ပေါင်း ရလဒ်သုံးဂိုး- နှစ်ဂိုးဖြင့် အရေးနိမ့်ကာ ယူရိုပါလိဂ်ဖလားပွဲကို လက်ပြနှုတ်ဆက်ခဲ့ရပြီဖြစ်သည်။ ပွဲကစား ချိန် ၁၀ မိနစ်မှာပင် အဲရစ်ဆန်က စပါးအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့ပြီး နောက်ထပ် ၁၀ မိနစ်အကြာ ပွဲကစားချိန်မိနစ် ၂၀ တွင် ဟယ်ရီကိန်း၏ ကိုယ့်ဂိုးကိုယ်သွင်းယူမှုကြောင့် ချေပဂိုးပေးခဲ့ရသည်။ ထို့နောက် ပထမပိုင်းမပြီးဆုံးမီ ကွင်းလယ်လူ ဒယ်လီအယ်လီ ထုတ်ပယ်ခံရပြီးနောက် လက်ကျန်ပွဲကစားချိန်များတွင် ၁၀ ဦးတည်းဖြင့် ကစားခဲ့ရသည်။ သို့သော် ဝါယာမာက ပွဲကစားချိန် ၆၁ မိနစ်တွင် စပါးအတွက် ဦးဆောင်ဂိုး ပြန်လည်သွင်းယူခဲ့သေးသော်လည်း ဂျန့်အသင်းကို ယူရိုပါလိဂ်ပြိုင်ပွဲ ၁၆ သင်းအဆင့် ရောက်ရှိစေမည့် သွင်းဂိုးကို ဂျာရယ်မီပါဘက်က ပွဲပြီးခါနီးအချိန်တွင် ပြန်လည်သွင်းယူသွားခဲ့သည်။



**(မေလွဲ့သင်း)**

# လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဥပဒေကြမ်း

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

(ယမန်နေ့မှ အဆက်)

### အခန်း (၈)
### အလုပ်ရှင်နှင့် အလုပ်သမားတို့၏ တာဝန်များ

၂၈။ အလုပ်ရှင်သည် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးနှင့် စပ်လျဉ်း၍ -

(က) လုပ်ငန်းစတင်လုပ်ကိုင်မည်ဖြစ်ကြောင်း သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ အနည်းဆုံး ၁၅ ရက် ကြိုတင်အကြောင်းကြား၍ ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ရယူရမည်။

(ခ) လုပ်ငန်းခွင်တွင် အသုံးပြုသည့် စက်ပစ္စည်းကိရိယာများ၊ လုပ်ငန်းစဉ်သုံးပစ္စည်းများ၊ ဇီဝပစ္စည်းများ၊ ဓာတုပစ္စည်းများ၏ အန္တရာယ်ရှိမှု အတိုင်းအဆအကဲဖြတ်ဆန်းစစ်ခြင်း၊ ယင်းပစ္စည်းကိရိယာများအား ကိုင်တွယ်အသုံးပြုစဉ် ကျန်းမာရေးမထိခိုက်စေရန် လိုအပ်သော ကာကွယ်မှုများ စီမံဆောင်ရွက်ပေးခြင်းကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ထားရမည်။

(ဂ) အလုပ်သမားများအား လုပ်ငန်းခွင်မတော်တဆထိခိုက်မှုနှင့် ကျန်းမာရေးထိခိုက်မှုများမခံစားရစေရန် သင့်တော်သော ကိုယ်ခန္ဓာကာကွယ်ရေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ၊ ဝတ်စုံများ အခမဲ့လုံလောက်စွာ ထုတ်ပေးပြီး ဝတ်ဆင်လုပ်ကိုင်စေရမည်။

(ဃ) ကြိုတင်တားဆီးကာကွယ်မှု အစီအမံနှင့် အရေးပေါ်အခြေအနေဖြစ်ပွားလာပါက ဆောင်ရွက်မည့် အစီအမံများ ထားရှိရမည်။

(င) ဝန်ကြီးဌာနက သတ်မှတ်သော အလုပ်သမားဦးရေနှင့် အထက်ရှိသည့် လုပ်ငန်းများတွင် ဆေးပေးခန်းထားရှိခြင်း၊ အသိအမှတ်ပြုဆရာဝန်နှင့်သူနာပြုများခန့်ထားခြင်း၊ လိုအပ်သည့်ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးရမည်။

(စ) မိမိကိုယ်တိုင်အပါအဝင် သက်ဆိုင်ရာလုပ်ငန်းအမျိုးအစား သို့မဟုတ် ဌာနအလိုက် စီမံခန့်ခွဲသူများ၊ အလုပ်သမားများနှင့် ၎င်းတို့၏ကိုယ်စားလှယ်များအား သတ်မှတ်ထားသည့် သင်တန်းများနှင့် မွမ်းမံသင်တန်းများ တက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးရမည်။

(ဆ) အလုပ်သမားတစ်ဦးဦးသည် လုပ်ငန်းခွင်မတော်တဆထိခိုက်မှု၊ အသက်ဘေးအန္တရာယ် သို့မဟုတ် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်မှုဖြစ်ပေါ်လျှင်ဖြစ်စေ၊ ယင်းသို့ ဖြစ်ပွားနိုင်ဖွယ်ရှိသည့် အခြေအနေများ ကြုံတွေ့ရလျှင်ဖြစ်စေ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးအရာရှိမှတစ်ဆင့် အလုပ်ရှင်ထံ ချက်ချင်းသတင်းပေးပို့နိုင်ရန် လိုအပ်သော အစီအမံများ စီစဉ်ထားရှိရမည်။

(ဇ) ဆောင်ရွက်ထားမှုများကို အလုပ်ရှင်၏ကိုယ်စား စီမံအုပ်ချုပ်သူ၊ အလုပ်ရှင်၏ ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်နှင့် အလုပ်သမားများအားလုံး ပူးပေါင်းဆောင်ရွက်ရမည်။

(ဈ) လုပ်ငန်းခွင်တွင်ဖြစ်စေ၊ လုပ်ငန်းစဉ်တွင်ဖြစ်စေ အသုံးပြုသော စက်ပစ္စည်း၊ စက်ကိရိယာအစိတ်အပိုင်း၊ အဆောက်အအုံ၊ သုံးစွဲသော အရာဝတ္ထုပစ္စည်း၊ ကိရိယာတန်ဆာပလာ သို့မဟုတ် စွန့်ပစ်ပစ္စည်း သယ်ယူပို့ဆောင်မှုနှင့်ဆက်စပ်၍ လုပ်ငန်းခွင်နှင့် အနီးပတ်ဝန်းကျင်၌ ရှိနေသူများ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးထိခိုက်မှုမရှိစေရန် စနစ်တကျ စီမံဆောင်ရွက်ထားရမည်။

(ည) လုပ်ငန်းခွင် မတော်တဆထိခိုက်မှုအန္တရာယ် ဖြစ်ပွားမည့်ဆဲဆဲ အခြေအနေကြုံတွေ့ရပါက လုပ်ငန်းစဉ်အား ချက်ချင်းရပ်တန့်ခြင်း၊ အလုပ်သမားများအား ဖယ်ရှားရွှေ့ပြောင်းပေးခြင်းနှင့် လိုအပ်သည့် ကယ်ဆယ်ရေးအစီအမံများ ဆောင်ရွက်ရမည်။ ထို့အပြင် အလုပ်သမားများအား အခြားသင့်တော်မည့် လုပ်ငန်းခွင်များသို့ ပြောင်းရွှေ့လုပ်ကိုင်စေနိုင်သည်။

(ဋ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များ၊ အန္တရာယ်သတိပေးအချက်ပြများ၊ နို့တစ်စာများ၊ ပိုစတာများနှင့် လမ်းညွှန်ဆိုင်းဘုတ်များကို သတ်မှတ်ချက်နှင့်အညီ ထားရှိရမည်။

(ဌ) အန္တရာယ်ဖြစ်ပွားနိုင်သည့် တားမြစ်ကန့်သတ်ထားသော လုပ်ငန်းခွင် နေရာများသို့ ဝင်ထွက်သွားလာရာတွင် ကြိုတင်သတိပေးချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် စိစစ်ကြပ်မတ်ပေးရမည်။

(ဍ) အသိပညာ၊ နည်းပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှုရရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထုတ်ပြန်သည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လက်စွဲစာစောင်နှင့် လမ်းညွှန်ချက်များကို အလုပ်သမားများအပြင် လုပ်ငန်းခွင်နှင့် ဆက်စပ်နေသူများကိုလည်း ဖြန့်ဝေပေးရမည်။

(ဎ) မီးဘေးကာကွယ်ရေးစီမံချက်ရေးဆွဲ၍ အလုပ်သမားများကို ဇာတ်တိုက်လေ့ကျင့်ခြင်း၊ မီးသတ်ကိရိယာများအား စနစ်တကျ အသုံးပြုတတ်စေရန် လေ့ကျင့်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဏ) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများက အလုပ်ခွင်သို့ ဝင်ရောက်စစ်ဆေးခြင်း၊ စုံစမ်းမေးမြန်းခြင်း၊ စာရွက်စာတမ်း အထောက်အထားများ တောင်းခံခြင်း သို့မဟုတ် သက်သေခံပစ္စည်းများ သိမ်းဆည်းခြင်းတို့ကို ခွင့်ပြုပေးရမည်။

(တ) ဝန်ကြီးဌာနက အန္တရာယ်ရှိနိုင်သည်ဟု သတ်မှတ်ထားသည့် လုပ်ငန်းအမျိုးအစားများတွင် လုပ်ကိုင်နေသည့် အလုပ်သမားများအား သတ်မှတ်ထားသော အလုပ်ချိန် နာရီအတွင်း၌သာ လုပ်ကိုင်စေရမည်။

(ထ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကုန်ကျစရိတ်များကို တာဝန်ယူ ကျခံရမည်။

၂၉။ အလုပ်ရှင်သည် အောက်ပါကိစ္စရပ်တစ်ခုခုကြောင့် အလုပ်သမားတစ်ဦးဦးကို အလုပ်မှထုတ်ပယ်ခြင်း သို့မဟုတ် ရာထူးအဆင့်လျှော့ချခြင်း မပြုရ-

(က) လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိခြင်း သို့မဟုတ် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါခံစားရခြင်းတို့အတွက် အသိအမှတ်ပြုဆရာဝန်၏ ဆေးသက်သေခံလက်မှတ် မရရှိမီ ကာလအတွင်း၊

(ခ) ဘေးအန္တရာယ်မကင်းသော သို့မဟုတ် ကျန်းမာရေးထိခိုက်မှုအန္တရာယ်ရှိသော ကိစ္စရပ်အပေါ် တိုင်တန်းခြင်း၊

(ဂ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီ၏ လုပ်ငန်းတာဝန်ကို ဆောင်ရွက်ခြင်း၊

(ဃ) လုပ်ငန်းခွင် မတော်တဆထိခိုက်မှုအန္တရာယ် ဖြစ်ပွားမည့်ဆဲဆဲ အခြေအနေနှင့် လုပ်ငန်းခွင်ရောဂါကူးစက်ခံစားရမည့် အန္တရာယ်ကျရောက်မည့်ဆဲဆဲ အခြေအနေများတွင် အလုပ်ဆက်လက်မလုပ်ကိုင်ခြင်း။

၃၀။ လုပ်ငန်းခွင် မတော်တဆထိခိုက်မှု သို့မဟုတ် လုပ်ငန်းခွင်ဆိုင်ရာရောဂါရရှိသည့် အလုပ်သမားသည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် အကျုံးဝင်ခြင်းမရှိလျှင် ယင်းအလုပ်သမား၏ အလုပ်လုပ်နိုင်မှုစွမ်းရည်လျော့ကျမှု အတိုင်းအတာနှင့် မသန်စွမ်းဖြစ်မှု အတန်းအစားကို သိရှိနိုင်ရန် အလုပ်ရှင်က ကုန်ကျစရိတ်ကို တာဝန်ယူကျခံ၍ ဆေးစစ်ပေးရမည်။

၃၁။ အလုပ်ရှင်သည် -

(က) အသိအမှတ်ပြုဆရာဝန်၏ ဆေးစစ်ချက်အရ ကျန်းမာရေးအဆင့်မမီသည့် အလုပ်သမားများအား အလုပ်လုပ်ကိုင်ခြင်းကို ကန့်သတ်တားမြစ်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ကန့်သတ်တားမြစ်ခြင်းခံရသော အလုပ်သမားက ကျန်းမာရေး ပြန်လည်ကောင်းမွန်လာကြောင်း အထောက်အထားဖြင့် တင်ပြလာလျှင် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မူလတာဝန်တွင်ဖြစ်စေ၊ သင့်လျော်သည့် လုပ်ငန်းခွင်တွင်ဖြစ်စေ ပြန်လည်လုပ်ကိုင်ခွင့်ပြုရမည်။

(ဂ) လုပ်ငန်းခွင်ရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ၏ ကျန်းမာရေး မထိခိုက်စေရန် စီမံဆောင်ရွက်ပေးရမည်။

(ဃ) လုပ်ငန်းခွင်မတော်တဆ ထိခိုက်မှုကြောင့် မသန်စွမ်းဖြစ်သွားသည့် အလုပ်သမားက အလုပ်လုပ်ကိုင်လိုသည့် ဆန္ဒရှိလျှင် သင့်လျော်သည့် တာဝန်ပေးနိုင်ရေး စီစဉ်ပေးရမည်။

၃၂။ အလုပ်သမားများသည် -

(က) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်ရှင်က ထုတ်ပေးထားသော အန္တရာယ်ကာကွယ်ရေးဝတ်စုံများ၊ ပစ္စည်းများနှင့် ကိရိယာတန်ဆာပလာများကို စနစ်တကျ တပ်ဆင်အသုံးပြုရမည်။

(ခ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်ရှင်ကဖြစ်စေ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီကဖြစ်စေ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအရာရှိကဖြစ်စေ ညွှန်ကြားသည့် ညွှန်ကြားချက်နှင့် အကြံပြုချက်များကို လိုက်နာရမည်။

(ဂ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းကမ်းချက်များ၊ သင်္ကေတအမှတ်အသားများ၊ နံရံကပ်ပိုစတာများ၊ နို့တစ်စာများနှင့် သတိပေးတားမြစ်ချက်များကို လိုက်နာရမည်။

(ဃ) လုပ်ငန်းခွင်တွင်အသုံးပြုသည့် ကိရိယာတန်ဆာပလာ၊ စက်၊ စက်ကိရိယာ အစိတ်အပိုင်း၊ ယာဉ်၊ လျှပ်စစ်နှင့်အခြားဝတ္ထုပစ္စည်းများကို စနစ်တကျကိုင်တွယ်အသုံးပြုရမည်။

(င) လုပ်ငန်းခွင်တွင် လုပ်ဆောင်မှု သို့မဟုတ် လုပ်ဆောင်ရန် ပျက်ကွက်မှုကြောင့် အလုပ်သမားကိုယ်တိုင်နှင့် အခြားသူများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးမထိခိုက်စေရန် အလေးထား ဆောင်ရွက်ရမည်။

(စ) အလုပ်ရှင်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအရာရှိတို့က ဤဥပဒေအရ ယင်းတို့၏ တာဝန်များကို ထမ်းဆောင်ရာ၌ ပူးပေါင်းဆောင်ရွက်ရမည်။

(ဆ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအား ထိခိုက်စေနိုင်မည့် အခြေအနေ၊ အကြောင်းအရာ၊ ဖြစ်ရပ်တစ်ခုခုကိုတွေ့ရှိပါက ကိုယ်တိုင်ဖြစ်စေ၊ အနီးကပ်လုပ်ငန်းကြီးကြပ်သူမှတစ်ဆင့်ဖြစ်စေ အလုပ်ရှင် သို့မဟုတ် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအရာရှိထံ ချက်ချင်းတင်ပြရမည်။

(ဇ) အန္တရာယ်ကျရောက်မည့်ဆဲဆဲ အခြေအနေတွင် အလုပ်ဆက်လက်လုပ်ကိုင်ရန် ငြင်းပယ်နိုင်သော်လည်း အလုပ်ရှင်က ပြောင်းလဲလုပ်ကိုင်စေသည့် အလုပ်အား ငြင်းပယ်ခြင်းမပြုရ။

(ဈ) လုပ်ငန်းခွင်အသီးသီးမှ အလုပ်သမားများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်သမားအချင်းချင်း သို့မဟုတ် အလုပ်သမား အဖွဲ့အစည်းများနှင့် အချိန်မီ ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်နိုင်ရန် ကိုယ်စားလှယ်များ ရွေးချယ်နိုင်သည်။

### အခန်း (၉)
### အလုပ်ရုံ၊ လုပ်ငန်းခွင်၊ စက်နှင့် စက်ပစ္စည်းကိရိယာများ ဒီဇိုင်းပုံစံ ရေးဆွဲသူ၊ ထုတ်လုပ်သူ၊ တင်ပို့သူ၊ ရောင်းချသူ၊ တင်သွင်းသူ၊ တည်ဆောက်သူ၊ တပ်ဆင်သူနှင့် ဖြိုဖျက်သူများ၏ တာဝန်များ

၃၃။ လုပ်ငန်းခွင်၌အသုံးပြုမည့် ဘေးအန္တရာယ်ဖြစ်စေသော ပစ္စည်းနှင့် စက်ပစ္စည်းကိရိယာများနှင့် စပ်လျဉ်း၍ ဒီဇိုင်းရေးဆွဲခြင်း၊ ထုတ်လုပ်ခြင်း၊ တင်ပို့ခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခြင်း ပြုလုပ်သူတို့သည် စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာနက လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအတွက် စမ်းသပ်စစ်ဆေးပြီး အန္တရာယ်ကင်းရှင်းကြောင်း အတည်ပြုထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ်ရရှိရမည့်အပြင် အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ရမည်-

(က) အလုပ်ရုံ၊ စက်နှင့်စက်ပစ္စည်းကိရိယာများ၏ ပုံစံရေးဆွဲခြင်းနှင့် တည်ဆောက်ခြင်း ပြုလုပ်ရာတွင် ယင်းအလုပ်ရုံ၊ စက်နှင့် စက်ပစ္စည်းကိရိယာများကို နည်းလမ်းတကျ မှန်ကန်စွာ အသုံးပြုသည့် အလုပ်သမားများအတွက် ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးမထိခိုက်စေဘဲ အသုံးပြုနိုင်ရန် စီမံထားခြင်း၊

(ခ) ပုဒ်မခွဲ(က)အရ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေး မထိခိုက်စေရန် ပုံစံရေးဆွဲတည်ဆောက်ထားမှု ရှိ၊ မရှိလိုအပ်သလို စမ်းသပ်ခြင်းနှင့် စစ်ဆေးခြင်းကို ဆောင်ရွက်ရန် အစီအမံများ ချမှတ်ထားခြင်း၊

(ဂ) အသုံးပြုရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေး မထိခိုက်စေရန် လိုအပ်သည့်သတင်းအချက်အလက်များနှင့် ထပ်မံရရှိသည့် သတင်းအချက်အလက် အသစ်များကိုအသုံးပြုသူထံ ပေးပို့ခြင်း၊

(ဃ) အသုံးပြုရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ထိခိုက်မှုဖြစ်ပွားနိုင်သည့် အခြေအနေအား တတ်နိုင်သမျှ ဖယ်ရှားရန် သို့မဟုတ် လျှော့ချရန် လိုအပ်သော သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

၃၄။ အလုပ်ရုံ၊ လုပ်ငန်းခွင်၊ စက်နှင့်စက်ပစ္စည်းကိရိယာ တစ်ခုခုအား ဒီဇိုင်းရေးဆွဲသူ၊ တည်ဆောက်သူ၊ တပ်ဆင်သူနှင့် ဖြိုဖျက်သူတစ်ဦးဦးသည် ယင်းအလုပ်ရုံ၊ စက်နှင့်စက်ပစ္စည်းကိရိယာများ တည်ဆောက်တပ်ဆင်ဖြိုဖျက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးမထိခိုက်စေရန် အလေးထား ဆောင်ရွက်ရမည်။

### အခန်း (၁၀)
### မတော်တဆထိခိုက်မှု၊အန္တရာယ်ရှိသောဖြစ်ရပ်၊ လုပ်ငန်းခွင် အဆိပ်သင့်မှုနှင့်ရောဂါဖြစ်ပွားမှု အကြောင်းကြားခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် အစီရင်ခံခြင်း

၃၅။ အလုပ်ရှင်သည် အောက်ပါကိစ္စများကိုဆောင်ရွက်ရန် တာဝန်ရှိသည်-

(က) လုပ်ငန်းခွင် မတော်တဆထိခိုက်မှုကြောင့် သေဆုံးမှု ဖြစ်ပွားလျှင် တစ်နာရီအတွင်း သို့မဟုတ် ဝေးလံသည့်ဒေသများအတွက် ၂၄ နာရီထက် နောက်မကျစေဘဲ သင့်တော်သည့် ဆက်သွယ်ရေးနည်းလမ်းဖြင့် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ အကြောင်းကြားရမည်။

(ခ) လုပ်ငန်းခွင်အတွင်း မတော်တဆထိခိုက်ဒဏ်ရာ ရပြီးနောက် ၄၈ နာရီ သို့မဟုတ် ၄၈ နာရီထက်ပို၍ လုပ်ကိုင်မြဲအလုပ်ကို ပြန်၍ မလုပ်ကိုင်နိုင်လျှင် ထိုသို့မလုပ်ကိုင်နိုင်သည့် အကြောင်းရင်းကို ၇၂ နာရီအတွင်း သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ အကြောင်းကြားရမည်။

(ဂ) လုပ်ငန်းခွင်တွင် အလုပ်သမားတစ်ဦးဦးသည် သတ်မှတ်ထားသည့် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါတစ်မျိုးမျိုးစွဲကပ်လျှင်ဖြစ်စေ၊ လုပ်ငန်းခွင်အတွင်း သုံးစွဲသည့်ပစ္စည်းကိရိယာ သို့မဟုတ် လုပ်ငန်းစဉ်ကြောင့် အဆိပ်သင့်ကြောင်း သို့မဟုတ် အဆိပ်သင့်နိုင်ကြောင်း အသိအမှတ်ပြုဆရာဝန်၏ ဆေးစစ်ချက်မှတ်တမ်းဖြင့် အောက်ဖော်ပြပါ အချက်အလက်များ ပါဝင်သည့် အစီရင်ခံစာကို အခင်းဖြစ်ပွားပြီး ခုနစ်ရက်အတွင်း သက်ဆိုင်ရာဦးစီးဌာနသို့ ပေးပို့ရမည် -

(၁) လူနာအလုပ်သမားအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(၂) ရောဂါအမည်၊ ဖြစ်ပွားရသည့်အကြောင်းရင်းနှင့်အတိုင်းအတာပမာဏ၊

(၃) လူနာအလုပ်သမားအလုပ်လုပ်နေသည့် သို့မဟုတ် အလုပ်လုပ်ခဲ့သည့် အလုပ်ရှင်၏အမည်၊ နေရပ်လိပ်စာအပါအဝင် လုပ်ငန်းအမျိုးအစားနှင့် သက်ဆိုင်သည့် အသေးစိတ်အချက်အလက်များ။

၃၆။ အသိအမှတ်ပြု ဆရာဝန်တစ်ဦးဦးသည် သတ်မှတ်ထားသည့် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါတစ်မျိုးမျိုးစွဲကပ်နေသည့် အလုပ်လုပ်နေသူ သို့မဟုတ် အလုပ်လုပ်ခဲ့သူကို ဆေးကုသလျှင် ထိုဆရာဝန်သည် ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ဂ)ပါ အချက်အလက်များ ဖော်ပြထားသည့် အစီရင်ခံစာကို သက်ဆိုင်ရာ အလုပ်ရှင်နှင့် သတ်မှတ်ထားသည့်သက်ဆိုင်ရာ ဦးစီးဌာနများသို့ ဆေးကုသမှုစတင်သည့်နေ့မှစ၍ ၄၈ နာရီအတွင်း အကြောင်းကြားရမည်။

(ဆက်လက်ဖော်ပြပါမည်)

# ၃၀၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားပေးရေး စီမံကိန်း ဆိပ်ကြီးခနောင်တိုမြို့၌ ၂၀၁၈ ခုနှစ်တွင် စတင်ဖော်ဆောင်မည်

**ဒလ ဖေဖော်ဝါရီ ၂၄**
လာမည့် ၂၀၁၈ ခုနှစ်တွင် ဆိပ်ကြီးခနောင်တိုမြို့နယ်၌ ၃၀၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားတိုးချဲ့ပေးနိုင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီမံကိန်းဖော်ဆောင်သွားမည့် Nation Infrastructure Holdings Co.,Ltd. Myanmar၊ MCM Pacific Pte.Ltd.(Singapore)၊ APR Energy Plc.(USA) နှင့် Ace Resources Group Pte. Ltd.(Singapore) အကျိုးတူပူးပေါင်းဖွဲ့စည်းထားသောအဖွဲ့က ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီကဒလမြို့နယ် ကမာကဆစ် အနောက်ကျောင်း ဘုန်းတော်ကြီးဓမ္မာရုံ၌ ကျင်းပသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း စီမံကိန်းနှင့် သက်ဆိုင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် MCM Pacific Pte.Ltd.(Singapore) အထွေထွေမန်နေဂျာ ဦးအောင်ထွန်းမြင့်က ပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် စီမံကိန်းအထွေထွေမန်နေဂျာ ဦးအောင်ထွန်းမြင့်က ယခုဆောင်ရွက်နေသည့် လုပ်ဆောင်ချက်များမှာ ပတ်ဝန်းကျင်ထိခိုက်မှု လေ့လာဆန်းစစ်ခြင်း(EIA)၏ ကနဦးရလဒ်များကို ပြည်သူများအားတင်ပြရန်နှင့် စီမံကိန်းနှင့်သက်ဆိုင်သူများ၏ တွေ့ရှိချက်များနှင့် ၎င်းတို့၏ ဆက်သွယ်နိုင်မှုမှ လူမှုစီးပွားဆိုင်ရာ အခြေခံအချက်အလက်များအား စုဆောင်းခြင်းဖြစ်ကြောင်း၊ ၃၀၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားပေးရေး စီမံကိန်း ဖော်ဆောင်ရေးတွင် မိမိတို့အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းရလဒ်တွင်လည်း တည်ဆောက်ရေးကာလနှင့် လုပ်ငန်းလည်ပတ်ကာလ၌ အနည်းငယ်သာ ထိခိုက်နိုင်မှုများရှိသောကြောင့် နည်းပညာရှင်များနှင့် မြန်မာနိုင်ငံ၏ သတ်မှတ်အဆင့်အတန်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုတည်ဆောက်မည့် ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားပေးရေး စီမံကိန်းသည် ငါးနှစ်တာ ရေတိုစီမံကိန်းဖြစ်ကြောင်း၊ လှိုင်မြစ်နှင့် တွံတေးတူးမြောင်းဆုံချက်ဖြစ်သည့် ဆိပ်ကြီးခနောင်တိုမြို့နယ် ချောင်ဝိုင်းကျေးရွာနှင့် စမားဒူးဝါးကျေးရွာကြားရှိ နိုင်ငံတော်ပိုင် မြေဧက ၈၀ တွင် ၃၀၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလုံမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့ရှိ မဟာပင်မ လျှပ်စစ်ဓာတ်အားလိုင်းသို့ ပို့လွှတ်ရန် မြန်မာငွေကျပ်သန်း ၃၀၀ ခန့် ကုန်ကျမည့် ၃၀၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားပေးစီမံကိန်းကို ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်လည်ပတ်နိုင်ရန် ခန့်မှန်းထားကြောင်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ် အပါအဝင် ရန်ကုန်မြို့နှင့် အနီးပတ်ဝန်းကျင်မြို့များသို့ လျှပ်စစ်ဓာတ်အားလိုင်းများ ၂၄ နာရီ အပြည့်အဝရရှိမည်သွားဖြစ်ပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ စီမံကိန်းနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ရန် လုပ်ပိုင်ခွင့်ပေးပြီးသော်လည်း ပါဝါဝယ်ယူမည့် လက်မှတ်ထိုးရန် ကျန်ရှိနေကြောင်း၊ ၂၀၁၆ ခုနှစ်က တင်ဒါခေါ်ခဲ့ရာ အောင်မြင်ခဲ့ကြောင်း၊ ရန်ကုန်မြို့၏ လျှပ်စစ်လိုအပ်မှုမှာ နှစ်စဉ် ၁၅ ရာခိုင်နှုန်း တိုးသုံးစွဲနေရကြောင်း၊ ယခုဖော်ဆောင်မည့် စီမံကိန်းမှာလည်း ရန်ကုန်မြို့သို့ လျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲနိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများက စီမံကိန်းနှင့်ပတ်သက်၍ သိလိုသည့် အချက်များကို ဆွေးနွေးတင်ပြခဲ့ပြီး စီမံကိန်းအထွေထွေမန်နေဂျာ ဦးအောင်ထွန်းမြင့်နှင့် စီမံကိန်းဒါရိုက်တာ ဒေါ်မြတ်မွန်ဆွေတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်ကျော်မိုး၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

**နိုင်လင်းကျော်(ဒလ)၊**



# အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**
အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲကို မတ် ၁ ရက်မှ ၅ ရက်ထိ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် သိမ်ဖြူတင်းနစ်အားကစားကွင်းတွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး အလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး အလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးအလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲတို့ကို ထည့်သွင်းကျင်းပမည်ဖြစ်ပြီး အသက်(၃၅)နှစ်အထက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲနှင့် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အသက်(၄၅)နှစ်အထက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲနှင့် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အသက်(၅၅)နှစ်အထက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်ပွဲပြိုင်ပွဲနှင့် အသက် (၆၀)နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲများကို ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

လူငယ်ပြိုင်ပွဲများအဖြစ် အသက်(၁၀)နှစ်အောက် အမျိုးသား အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသက် (၁၂) နှစ်အောက် အမျိုးသား အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အသက်(၁၄)နှစ်အောက် အမျိုးသား အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲများကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် တင်းနစ်အားကစားသမားများသည် ကွင်းတာဝန်ခံ ဒေါ်မေဖြိုးကျော် ဖုန်း- ၀၉-၂၅၀၁၈၇၀၄၀ နှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ၀၁-၃၇၂၃၆၀တို့သို့ အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

# ကော့သောင်းမြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးဖောင်ဒေးရှင်း တနင်္သာရီရိုးရာနဂါးအကဖြင့် လှည့်လည်ဖျော်ဖြေ

**ကော့သောင်း ဖေဖော်ဝါရီ ၂၄**
ကော့သောင်းမြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးဖောင်ဒေးရှင်းအဖွဲ့မှ တနင်္သာရီရိုးရာနဂါးအကအဖွဲ့ဖြင့် ကော့သောင်းမြို့ပေါ်ရပ်ကွက်များသို့ ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲပိုင်းက လိုက်လံ ကပြဖျော်ဖြေခဲ့ကြကြောင်းသိရသည်။

အဆိုပါ တနင်္သာရီရိုးရာနဂါးအကသည် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၏ မြို့တည် ရာဇဝင်သမိုင်းကာလကတည်းက အစဉ်အလာကြီးမားခဲ့သည့် ရိုးရာအကတစ်ခုဖြစ်သည်။ ဘာသာရေး၊ သာသနာရေးနှင့် ပွဲလမ်းသဘင် အခမ်းအနားများတွင် မြန်မာ့ရိုးရာကနုတ်ပန်းများဖြင့် တန်ဆာဆင်ထားသည့် နဂါးဦးခေါင်းပိုင်းအား ပိတ်စဖြင့်ဆက်စပ်ချုပ်လုပ်ပုံဖော်ထား၍ လုံးဝန်းရှည်လျားသည့် ကိုယ်ထည်ရှိ မြန်မာ့နဂါးပုံသဏ္ဍာန်အရုပ်အတွင်း လူငယ်အမျိုးသား ခုနစ်ဦး ဝင်ရောက်ကာ စည်းချက်ဝါးချက်အညီ နဂါးတစ်ကောင် လွန့်လူးပျော်မြူးနေသည့်ဟန်ပန်အတိုင်း ကပြဖျော်ဖြေလေ့ရှိသည်။

ယနေ့ထိတိုင် မျိုးဆက်သစ်လူငယ်များ လက်ဆင့်ကမ်းထိန်းသိမ်းလာသည့်ရိုးရာဓလေ့ အမွေအနှစ်တစ်ခုဖြစ်ရာ အဆိုပါ ရိုးရာနဂါးအကဖွဲ့မှ နယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့တွင် လူငယ်လူရွယ်များ ဘာသာသာသနာနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းနိုင်ကြရန် ရည်ရွယ်ကာ ဖွဲ့စည်း ထူထောင်ထားသည့် မြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးဖောင်ဒေးရှင်းအဖွဲ့၏ ဆရာတော် သံဃာတော်ကြီးများဦးဆောင်လျက် ဓမ္မစကူးနည်းပြများ၊ မြို့ခံပရဟိတအဖွဲ့များ၊ လုပ်အားဒါနအလှူရှင်များဖြင့် မြို့အနှံ့ ရပ်ကွက်များ၊ ဈေးများသို့ လိုက်လံ ကပြဖျော်ဖြေကြရာ စေတနာရှင်ပြည်သူများက မြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးဖောင်ဒေးရှင်းအဖွဲ့သို့ အလှူငွေများ လှူဒါန်းခဲ့ကြကြောင်းသိရသည်။ **ကျော်စိုး (ကော့သောင်း)**

# နွေရာသီလျှပ်စစ်ဓာတ်အားပြတ်တောက်မှုလျော့နည်း စေရေးနှင့် ဓာတ်အားလိုင်းများတိုးတက်ကောင်းမွန်စေ ရေးဆောင်ရွက်

**တာမွေ ဖေဖော်ဝါရီ ၂၄**
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ နွေရာသီလျှပ်စစ်ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့် ဓာတ်အားလိုင်းများ တိုးတက်ကောင်းမွန်စေရေးဆောင်ရွက်လျက်ရှိသည်။

တာမွေမြို့နယ် လျှပ်စစ်မန်နေဂျာ ဦးကျော်စန်းနှင့် လက်ထောက်မန်နေဂျာ အင်ဂျင်နီယာ ဦးစိုးမိုးတို့ ကြီးကြပ်လျက် ဖေဖော်ဝါရီ ၂၁ ရက် နံနက်က တာမွေကြီး(ခ)ရပ်ကွက် တောင်/ မြင်းပြိုင်ကွင်းလမ်းရှိ သက်တမ်းကြာမြင့်ပြီး မကြာခဏ ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်နေသော ၆ ဒသမ ၆ ကေဗွီ မြေအောက် ကေဘယ်လိုင်းများအား Space Aerial Cable System ဖြင့် ၆ ဒသမ ၆ ကေဗွီ SAC ကောင်းကင်ဓာတ်အားလိုင်းများ အသစ်တည်ဆောက်ခြင်းနှင့် အစားထိုး တည်ဆောက်လျက်ရှိကြောင်း လက်ထောက်မန်နေဂျာ အင်ဂျင်နီယာ ဦးစိုးမိုးထံက သိရသည်။



"မြေအောက် လျှပ်စစ်ကေဘယ်ကြိုးတွေက နှစ်ပေါင်း ၅၀ကျော် သက်တမ်းကြာမြင့်ပြီဖြစ်ပါတယ်။ ခံနိုင်ဝန်အား နည်းလာတဲ့အတွက် ကျွန်တော်နဲ့ အငယ်တန်းအင်ဂျင်နီယာ ဦးသန်းစိုးဝင်း ဦးဆောင်တဲ့ ဝန်ထမ်း ၁၅ ဦးခန့်နဲ့ ဓာတ်အားပိတ်ချိန် အနည်းဆုံးဖြစ်အောင် ကြိုးစား လုပ်ကိုင်ကြတာပါ။ ရပ်ကွက်အတွင်း လက်ရှိဓာတ်အားဖြန့်ဖြူးပေးနေတဲ့ ထရန်စဖော်မာများကိုလည်း မီဘပြည်သူတွေ ဓာတ်အားသုံးစွဲရာမှာ လျှပ်စစ်ဗို့အား ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ၂၀၀ KVA ထရန်စဖော်မာအသစ် ရှစ်လုံးကိုလည်း နွေရာသီကာလအမီ မြို့နယ်အတွင်း ဖြန့်ကြက်တည်ဆောက်ပေးသွားမှာပါ။ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်အတွင်းမှာ တာမွေမြို့နယ်အတွင်း ထရန်စဖော်မာအသစ် ၁၀ လုံးတပ်ဆင်ပေးပြီးဖြစ်ပါတယ်။ နောက်ထပ် ရှစ်လုံး တပ်ဆင်ပြီးရင် မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ပြည့်ဝစွာဖြင့် မိဘပြည်သူများအသုံးပြုနိုင်မှာဖြစ်ပါတယ်" ဟု လက်ထောက်မန်နေဂျာ အင်ဂျင်နီယာ ဦးစိုးမိုးကရှင်းပြသည်။

**(၅၉၇)**

# ငါးရှဉ့်ဈေးကွက်နေ့စဉ်ပြောင်းလဲလျက်ရှိသော်လည်း ရှာဖွေဖမ်းဆီးသူများဝင်ငွေကောင်းမွန်

**ရေတာရှည် ဖေဖော်ဝါရီ ၂၄**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း နွေစပါးအတွက် ရေလွှတ်ပေးလျက်ရှိရာ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူများ ဝင်ငွေကောင်းမွန်လျက်ရှိကြောင်းသိရသည်။

အင်းအိုင်များသာမက လယ်ယာမြေ ကန်သင်းရိုးများတစ်လျှောက် လိုက်လံဖမ်းဆီးရာတွင် စွတ်ပုံးဖြင့်ထောင်ဖမ်းခြင်းထက် ရှော့တိုက်ဖမ်းဆီးသူက ပိုမိုများပြားသည်ကိုတွေ့ရှိရသည်။ လက်ရှိဈေးကွက်တွင် ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ ပေါက်ဈေးရှိကာ ယခင်ရက်ပိုင်းက ကျပ် ၁၀၀၀၀ ကျော်ပေါက်ဈေးရှိသည်။ ရက်ပိုင်းအတွင်း ဈေးကျဆင်းသွားခဲ့သော်လည်း ညစဉ်တစ်ပိဿာနှင့်အထက်ရရှိပါက ငါးရှဉ့်ရှာဖွေသူများအနေဖြင့် ညစဉ်ငွေကျပ် ၁၀၀၀၀ ကျော်ဝင်ငွေရရှိလျက်ရှိနေသည်။

"ဈေးကတစ်နေ့နဲ့တစ်နေ့ မတူဘူး။ ကျချင်လည်းချက်ချင်း၊ တက်ချင်လည်းမြန်တယ်။ မန္တလေးနဲ့မူဆယ်ဈေးကွက်တွေရဲ့ ဝယ်လက်အပေါ် မူတည်ပါတယ်"ဟု သပြေတန်းကျေးရွာရှိ ငါးရှဉ့်အဝယ်ဒိုင်လုပ်ကိုင်သူတစ်ဦးကပြောကြားသည်။ ငါးရှဉ့်ကို စီးပွားဖြစ်ဖမ်းဆီးသူ တစ်နေ့တခြား ပိုမိုများပြားလျက်ရှိသည့်အတွက် အကောင်အရွယ်ကြီးကြီးမားမား ဖမ်းဆီးရမိမှုနည်းပါးသွားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## ကြေးမုံ ရုပ် ရှင် အ ညွှန်း

# “ကြီးကြီးကျယ်ကျယ်” မြန်မာဟာသဇာတ်ကားသစ် ရုံတင်ပြသ

“ရယ်သောသူ အသက်ရှည်၏” ဆိုစကားအတိုင်း ပင်ပန်းသမျှ ဘဝအမောတွေကို ရယ်မောခြင်းဖြင့် တစ်ခဏတာ အပန်းပြေစေဖို့ ဒီတစ်ပတ်မှာ ရုံတင်မယ့် မြန်မာအချစ်ဟာသ ဇာတ်ကားသစ်တစ်ကားနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ မာန်ထက်ချီရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးက ထုတ်လုပ်ပြီး ဒါရိုက်တာပြည်ဟိန်းသီဟရဲ့လက်ရာ ဟာသဇာတ်ကားသစ်ဖြစ်တဲ့ “ကြီးကြီးကျယ်ကျယ်”ဆိုတဲ့ မြန်မာဟာသဇာတ်ကားလေးပါ။ မြန်မာတို့ရဲ့ချစ်စရာ တောဓလေ့လေးတွေကိုလည်း ဖော်ကျူးထားပြီး ယောကျ်ားနဲ့ မိန်းမ သဘာဝချင်း ကွဲလွဲနေတဲ့ မောင်နှမနှစ်တွဲကြားက အလွဲလေးတွေကို ဟာသစွက်ပြီး ခြယ်မှုန်းရိုက်ကူးထားတဲ့ ဇာတ်ကားလေးဖြစ်ပါတယ်။



ဒီဇာတ်ကားလေးဟာဆိုရင် လူတွေနဲ့ မကြာခဏပြဿနာတက်တတ်တဲ့ မြို့ကြီးနေ လူကုံထံ မောင်နှမနှစ်ယောက်နဲ့ တစ်ဖက်မှာလည်း တောရွာလေးမှာနေထိုင်ပြီး ရိုးသားဖြူစင်တဲ့ တောသူတောင်သား ဦးတုတ်ကြီးနဲ့ ဒေါ်ပိန်သေးတို့မှာ မိထွားလို့ခေါ်တဲ့ ပိန်ပိန်ပါးပါး ယောကျ်ားလျာ တစ်ယောက်နဲ့ ကိုပျော့လို့ခေါ်တဲ့ ကျားကျားလျားလျား မိန်းမလျာ တစ်ယောက်တို့ရှိပါတယ်။ ကိုပျော့က သနားတတ်သူတစ်ဦးဖြစ်ပြီး မိထွားကတော့ ရွာမှာ ထန်းတက်၊ ဖွန်ကြောင်ပေါ့။ သူတို့မိဘတွေက သားနဲ့သမီးကို ဘဝမှန်ကိုရောက်စေချင်တာကြောင့် ဘယ်လိုကြိုးပမ်းကြမလဲ။ မြို့ကြီးမှာနေတဲ့ ဦးအောင်ဗလရဲ့ မြေးနှစ်ယောက်နဲ့ ဦးတုတ်ကြီးတို့မိသားစု ချိတ်ဆက်မိပြီး မြို့ကိုရောက်သွားတဲ့အခါ ဘာတွေဆက်ဖြစ်ကြမလဲ၊ ဘယ်လိုတွေ လွဲကြအုန်းမလဲဆိုတာကိုတော့ ရယ်ရွှင်ဖွယ် ဟာသပြကွက်တွေကို စောင့်ကြည့်စေချင်ပါတယ်။

“ကြီးကြီးကျယ်ကျယ်”မြန်မာဟာသဇာတ်ကားမှာ နေမင်းဗလနဲ့ လမင်းဗလတို့မောင်နှမနှစ်ယောက်အဖြစ် သရုပ်ဆောင် ဟိန်းဝေယံနဲ့ အိချောပို၊ ကိုပျော့နဲ့ မိထွားတို့မောင်နှမအဖြစ် သရုပ်ဆောင်မြင့်မြတ်နဲ့ ရွှေမှုံရတီ၊ ဦးတုတ်ကြီးနဲ့ ဒေါ်ပိန်သေးတို့ဇနီးမောင်နှံအဖြစ် သရုပ်ဆောင် ဆင်မနဲ့ အကယ်ဒမီတက္ကသိုလ်ဂွမ်းပုံတို့အပြင် ခင်လှိုင်၊ ဒိန်းဒေါင်နဲ့ သရုပ်ဆောင်ပေါင်းများစွာက ပါဝင်အားဖြည့်ပေးထားပါတယ်။

“ကြီးကြီးကျယ်ကျယ်”မြန်မာဟာသဇာတ်ကားသစ်မှာ သရုပ်ဆောင်တွေကို ပုံမှန်မြင်နေကျ ဇာတ်ရုပ်တွေလို မဟုတ်ဘဲ ထူးခြားတဲ့ ဇာတ်ကောင်စရိုက်တွေနဲ့ တွေ့မြင်ရမှာဖြစ်တဲ့အတွက် လက်မလွှတ်တမ်း ကြည့်ရှုသင့်တဲ့ ဇာတ်ကားလေးဖြစ်ပါတယ်။ ဒီဇာတ်ကားလေးကို မင်္ဂလာ(၁)သိမ်ကြီးဈေး၊ ရွှေ့ဆောင်၊ တော့ရှိုင်ရယ်(စိန်ဂေဟာပါရမီ)၊ မင်္ဂလာစံပြ၊ မင်္ဂလာဝဇီရာ၊ မင်္ဂလာ(ဂမုန်းပွင့်)၊ မြို့မ၊ မင်္ဂလာဒိုင်းမွန်း၊ မန်းနေပြည်တော်၊ မင်္ဂလာထွန်းသီရိ၊ ပဲခူးနဲ့ မကွေးမြို့ရှိ မင်္ဂလာရုပ်ရှင်ရုံနဲ့ တောင်ငူမြို့ရှိ New 3D Cinema ရုပ်ရှင်ရုံတွေမှာ ဖေဖော်ဝါရီ ၂၄ ရက်က စတင်ပြသလျက်ရှိပါကြောင်း ကြေးမုံရုပ်ရှင်အညွှန်းကဏ္ဍမှ သတင်းကောင်းပါးလိုက်ရပါတယ်။

**ဖြိုးစန္ဒာမြင့်**



# ရာစုနှစ်တစ်နှစ်ကျော်မှ ရုပ်သံရုပ်ရှင်မှာ ပြန်လည်ပါဝင်ဖြစ်တဲ့ ဒမ်မီမိုး

တစ်ချိန်က ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ ဒမ်မီမိုးဟာ ရုပ်ရှင်လောကနဲ့ ကင်းကွာနေခဲ့ပြီး ရုပ်မြင်သံကြားမှာ ထုတ်လွှင့်ပြသခဲ့တဲ့ ရုပ်ရှင်တွေမှာ ပါဝင်သရုပ်ဆောင်ဖြစ်ခြင်းမရှိခဲ့သည်မှာ ရာစုနှစ်တစ်စုကျော်ခဲ့ပြီဖြစ်ပါတယ်။ ဒီလိုဆယ်နှစ်ကျော် ပျောက်ကွယ်နေခဲ့ပြီးနောက် လတ်တလောမှာတော့ ဒမ်မီမိုးဟာ ရုပ်သံရုပ်ရှင်တစ်ခုမှာ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း စီအန်အန်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဒမ်မီမိုးဟာ ဖောက်ဇ်ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်လျက်ရှိတဲ့ အောင်မြင်တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တစ်ကားဖြစ်တဲ့ "Empire"ရဲ့ တတိယမြောက်ရာသီမှာ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ပြီး အဆိုပါရုပ်ရှင်မှာ ဒမ်မီမိုးကို လျှို့ဝှက်တဲ့အတိတ်တွေကို ပိုင်ဆိုင်ထားတဲ့ သူနာပြုဆရာမတစ်ဦးအဖြစ် မြင်တွေ့ကြရမှာဖြစ်ပါတယ်။ ယင်းရုပ်ရှင်ဟာ ဒမ်မီမိုးကို ရုပ်မြင်သံကြားဖန်သားပြင်ပေါ်မှာ နောက်ဆုံးတွေ့မြင်ရခြင်းတော့ ဖြစ်လာစေနိုင်မှာမဟုတ်ကြောင်းနဲ့ "Empire"ရဲ့ စတုတ္ထမြောက်ရာသီမှာလည်း သူ့အနေနဲ့ ပါဝင်သရုပ်ဆောင်သွားနိုင်တယ်လို့ မျှော်လင့်ရကြောင်းလည်း အဆိုပါမီဒီယာက ဖော်ပြခဲ့ပါတယ်။

အဆိုပါရုပ်ရှင်မှာ ဒမ်မီမိုးရဲ့ သမီးဖြစ်သူ ရမ်မာဝီလီစ်လည်း ပါဝင်သရုပ်ဆောင်လျက်ရှိပြီး အခြားသော ဟောလိဝုဒ်သရုပ်ဆောင်တွေဖြစ်ကြတဲ့ အီဗာလောင်ဂိုရီယာ၊ တေးဒစ်ဂ်၊ ဖီလသ်သီယာရက်ရှ်ဟတ်နဲ့ နီလာလောင်းဂ်တို့အပါအဝင် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်သရုပ်ဆောင်ထားကြောင်းလည်း သိရပါတယ်။

ဒမ်မီမိုးဟာ သူ့ရဲ့အနုပညာသက်တမ်းတစ်လျှောက် သရုပ်ဆောင်တစ်ဦးအဖြစ် အများဆုံးလုပ်ရှားဖြစ်ခဲ့သူတစ်ဦးဖြစ်ပြီး သူ့ရဲ့ကျော်ကြားတဲ့ ရုပ်ရှင်တွေကတော့ "Ghost"၊ "G.I. Jane" နဲ့ "A Few Good Men" တို့ ဖြစ်ကြပါတယ်။ ဒါ့အပြင်သူဟာ ရုပ်သံကထုတ်လွှင့်ပြသခဲ့တဲ့ ရုပ်ရှင်တွေမှာလည်း ပါဝင်သရုပ်ဆောင်ခဲ့ပေမယ့် အများကြီးတော့မရှိခဲ့ပါဘူး။ လွန်ခဲ့တဲ့ ၁၉၈၀ ပြည့်နှစ်တွေအတွင်းမှာ ထုတ်လွှင့်ခဲ့တဲ့ ရုပ်သံဇာတ်လမ်းတစ်ခုဖြစ်တဲ့ "General Hospital" မှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး အဲဒီနောက်ပိုင်း အစီအစဉ်အချို့မှာ ပါဝင်ဖြစ်ခဲ့ပါတယ်။ ဒမ်မီမိုး နောက်ဆုံးပါဝင်သရုပ်ဆောင်ဖြစ်ခဲ့တဲ့ ရုပ်သံဇာတ်လမ်းကတော့ ပြီးခဲ့တဲ့ ၂၀၀၃ ခုနှစ်က ထုတ်လွှင့်ခဲ့တဲ့ ရုပ်ရှင် "Will & Grace" ပဲ ဖြစ်ပါတယ်။

ဒမ်မီမိုး ပါဝင်သရုပ်ဆောင်သွားမယ့် ရုပ်ရှင် "Empire" ကိုတော့ လာမယ့် မတ်လ ၂၂ ရက်ကစတင်ပြီး ဖောက်ဇ်ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

# မက်ဂ်ဟန်ထရိန်နာရဲ့ တေးသီချင်းသစ် ထွက်ရှိမည်

"All About That Bass" တေးသီချင်းနဲ့ ကျော်ကြားတဲ့ ပေါ့ပ်ကြယ်ပွင့် မက်ဂ်ဟန်ထရိန်နာရဲ့ တေးသီချင်းသစ်တစ်ပုဒ်ကို ဒစ်စနေရဲ့ အောင်မြင်တဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင်တစ်ခုဖြစ်တဲ့ "Smurfs: The Lost Village" ရုပ်ရှင်ရဲ့ ဇာတ်ဝင်တေးသီချင်းတစ်ပုဒ်အဖြစ် မြင်တွေ့ရတော့မှာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။



ပြီးခဲ့တဲ့ဒီဇင်ဘာလအတွင်း ကျင်းပသွားဖို့စီစဉ်ထားခဲ့တဲ့ နယ်လှည့်ဖျော်ဖြေရေးအစီအစဉ်တွေကို မက်ဂ်ဟန်ထရိန်နာဟာ ကျန်းမာရေးအခြေအနေကြောင့် ဖျက်ခဲ့ရပါတယ်။ ဒီလို နယ်လှည့်ဖျော်ဖြေပွဲတွေကို ဖျက်ခဲ့ပြီးနောက်ပိုင်းမှာတော့ လတ်တလောမှာ အသက် (၂၃)နှစ် ရှိပြီဖြစ်တဲ့ မက်ဂ်ဟန်ထရိန်နာက သူ့ရဲ့ တစ်ကိုယ်တော် တေးသီချင်းနဲ့ ပတ်သက်ပြီး ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။

"Smurfs: The Lost Village" ရဲ့ အဓိကဇာတ်ဝင်တေးတစ်ပုဒ်ဖြစ်တဲ့ မက်ဂ်ဟန်ထရိန်နာရဲ့ တေးသီချင်းသစ်ကို "I'm a Lady" လို့ အမည်ပေးထားပြီး အဆိုပါတေးသီချင်းကိုတော့ ဖေဖော်ဝါရီ ၂၄ ရက်မှာ စတင်ထုတ်လွှင့်သွားဖို့ စီစဉ်ထားကြောင်း မက်ဂ်ဟန်ထရိန်နာက သူ့ရဲ့လူမှုကွန်ရက် မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ် စာမျက်နှာပေါ်ကနေ တစ်ဆင့် ဖော်ပြခဲ့ပါတယ်။

အဆိုပါတေးသီချင်း "I'm a Lady" ဟာ ဘေဘုတ်ရဲ့ရောင်းအားအကောင်းဆုံး တေးသီချင်း ၂၀၀ စာရင်းမှာ နံပါတ် ၃ နေရာမှာ ရပ်တည်နိုင်ခဲ့တဲ့ မက်ဂ်ဟန်ထရိန်နာရဲ့ နောက်ဆုံးထွက်ရှိခဲ့တဲ့ တေးအယ်လ်ဘမ် "Thank You" ပြီးနောက် ပထမဆုံးအကြိမ် ထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းသစ်တစ်ပုဒ်လည်း ဖြစ်ပါတယ်။

**အေးပြည့် – ခုခည်းသည်**

# ယိုအာအင်ရဲ့ ရုပ်ရှင်သစ် "Chicago Typewriter"



မကြာသေးမီက အရိုးတွင်းအကျိတ်တည်ရောဂါကို ခံစားနေရကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တဲ့ မင်းသားယိုအာအင်ဟာ လတ်တလောမှာတော့ ရုပ်ရှင်သစ်တစ်ကားမှာ အဓိကဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ယိုအာအင်ဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းမှာ ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ရုပ်ရှင် "Six Flying Dragons" ပြီးနောက် ရုပ်သံဇာတ်လမ်းတွဲတွေမှာ ပါဝင်သရုပ်ဆောင်ခဲ့ခြင်းမရှိဘဲ တစ်နှစ်ကျော်ကြာပြီးနောက်မှ ရုပ်ရှင်ပြန်လည်ရိုက်ကူးခဲ့တာ ဖြစ်ပါတယ်။ လတ်တလော ယိုအာအင် ပါဝင်သရုပ်ဆောင်ဖို့ သဘောတူလိုက်တဲ့ ရုပ်ရှင်ကတော့ "Chicago Typewriter" ဖြစ်ကြောင်းလည်း သိရပါတယ်။

အဆိုပါရုပ်ရှင်မှာတော့ ယိုအာအင်ဟာ အခြားသော တောင်ကိုရီးယားသရုပ်ဆောင်တွေဖြစ်ကြတဲ့ အင်မ်ဆိုဂျွန်း၊ ကိုကွန်ဖြိုးတို့နဲ့အတူ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ယင်းရုပ်ရှင်ရဲ့ အဓိကဇာတ်ဆောင်မင်းသမီးဖြစ်တဲ့ အင်မ်ဆိုဂျွန်းဟာ ပြီးခဲ့တဲ့ ၂၀၀၄ ခုနှစ် နောက်ပိုင်းရုပ်သံဇာတ်လမ်းတွဲတွေမှာ ပါဝင်သရုပ်ဆောင်ခဲ့ခြင်းမရှိတော့ဘဲ ယခုအချိန်မှ ပြန်လည်လှုပ်ရှားလာခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

# ကျိုင်းလပ်မြို့ဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**တာချီလိတ် ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး ဦးဆွေသိန်း၊ ပြည်နယ်စည်ပင် သာယာရေးဝန်ကြီး ဦးစိုင်းစံ့ဆိုင်း၊ ပြည်နယ်ဥပဒေချုပ် ဦးတင်ဦးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်တင့်တို့သည် တာချီလိတ်မြို့နယ် ကျိုင်းလပ်မြို့သို့ ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက ရောက်ရှိကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ စစ်ဆေးရာတွင် ကျိုင်းလပ်မြို့ပေါ် ရပ်ကွက် သုံးခုရှိ လျှပ်စစ်မီးတိုင်များ၊ ထရန်စဖော်မာများ တပ်ဆင်ထားရှိမှု၊ လျှပ်စစ်မီးကြိုးများသွယ်တန်းထားရှိမှုတို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် ဝမ်ကျင်းရပ်ကွက်ရှိ လိုင်ဂူရှင် ရှမ်းဘုန်းကြီးကျောင်း ဓမ္မာရုံ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ပြည်သူများ၏ လျှပ်စစ်မီတာ အဆင်ပြေစွာ တပ်ဆင်အသုံးပြုနိုင်ရေး တင်ပြချက်များအပေါ် လျှပ်စစ်မီးလင်းရေး တာဝန်ယူဆောင်ရွက်နေသည့် ရှင်းလုံကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



# နရပတိစည်သူမင်း တည်ထားကိုးကွယ်သည့် ရှေးဟောင်းသမိုင်းဝင် နဂါးရုံမဟာဗောဓိစေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲကျင်းပမည်

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက် ဓမ္မရက္ခိတကုန်းတော်ပေါ်တွင် မြန်မာသက္ကရာဇ် ၅၆၁ ခုနှစ်တွင် နရပတိစည်သူမင်းတည်ထားကိုးကွယ်သည့် ရှေးဟောင်းသမိုင်းဝင် နဂါးရုံမဟာဗောဓိစေတီတော်အား ဖေဖော်ဝါရီ ၂၅ ရက်တွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်များ တင်လှူပူဇော်ပွဲကျင်းပမည်ဖြစ်ကြောင်းသိရသည်။

"သမိုင်းဝင်နဂါးရုံမဟာဗောဓိစေတီတော်နဲ့ အရန်စေတီတော်ငယ်များကို ဒုတိယအကြိမ်ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ဖို့အတွက် ယာယီသီတင်းသုံးတဲ့ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ အောင်လံတော်စတဲ့ ရွှေထီးတော်အခြံအရံပစ္စည်းတွေ ပြန်လည်တင်လှူပူဇော်မှာဖြစ်ပါတယ်။ နဂါးရုံမဟာဗောဓိစေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၆ နာရီတွင် စတင်ကျင်းပမှာဖြစ်မှာပါ"ဟု ယင်းစေတီတော်ဂေါပကအဖွဲ့ဝင် ဦးအောင်ရဲမြင့်က ပြောသည်။

မြန်မာသက္ကရာဇ် ၅၆၁ ခုနှစ်တွင် နရပတိစည်သူမင်းသည် မိတ္ထီလာကန်အား ဆည်ဖို့ပြုပြင်ချိန်တွင် ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်မွေတော်များကို ဌာပနာ၍ အရှေ့အရပ်သို့ မျက်နှာမူလျက် တဝလိုဏ်ဂူတော်နှင့် နဂါးရုံမဟာဗောဓိစေတီတော်ကိုဓမ္မရက္ခိတကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်ခဲ့သည်။ ၁၉၈၁ ခုနှစ် ဖေဖော်ဝါရီလတွင် နဂါးစေတီတော်အားအရှေ့အာရှဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ ဂျပန်ဘုန်းတော်ကြီး အိုးရကြီးမှူး၍ ဂျပန်နိုင်ငံသားအလှူရှင်များနှင့် ဒေသခံများစုပေါင်းကောင်းမှုဖြင့် ဆက်လက်ပြုပြင်တည်ထားခဲ့ကြောင်း ဘုရားသမိုင်းမှတ်တမ်းများအရ သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# ကချင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဈေးသူ ဈေးသားများနှင့်တွေ့ဆုံ

**ပူတာအို ဖေဖော်ဝါရီ ၂၄**

ကချင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးနှင့် မြို့မဈေး၊ လေယာဉ်ကွင်း ဈေးရှိဈေးကော်မတီများ၊ ဈေးသူဈေးသားများတွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီခွဲက ပူတာအိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ကချင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်းက ပူတာအိုဒေသသည် မကြာမီကာလအတွင်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုး တက်လာသည်နှင့်အညီ ဈေးအတွင်းရောင်းချသော စားသောက်ကုန်များသည် ကျန်းမာရေးနှင့် ညီညွတ်ရန်လိုအပ်ကြောင်း၊ ပူတာအိုမြို့သည် ခရိုင်မြို့ဖြစ်သည်နှင့်အညီ ခရိုင်မြို့အင်္ဂါရပ်နှင့်ညီအောင် ဈေးအဆင့်မြှင့်တင်ရန်လိုအပ်သဖြင့် ဈေးအဆင့်မြှင့်တင်နိုင်ရန် ချပြဆွေးနွေးရခြင်းဖြစ်ကြောင်း၊ ဈေးကော်မတီများနှင့် ဈေးသူ ဈေးသားများ၏သဘောထားများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးစေလိုကြောင်းပြောကြားသည်။

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးနိုင်က မြို့မဈေးနှင့် လေယာဉ်ကွင်းဈေးအား ကွင်းဆင်းစစ်ဆေးခဲ့ပါကြောင်း၊ မီးဘေးအန္တရာယ်လုံခြုံရေး အထူးဂရုပြုဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် မြို့မဈေး အာရ်စီနှစ်ထပ် ဈေးဆောက်လုပ်မည့် လုပ်ငန်းစီမံချက်အား ချပြရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့မဈေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမေချမ်းနှင့် ဈေးသူဈေးသားများက မြို့မဈေး အာရ်စီနှစ်ထပ်ဈေးအဆင့်မြှင့်တင်ဆောက်လုပ်မည့် လုပ်ငန်းစီမံချက်အပေါ် သဘောထားအမြင်များနှင့် သိလိုသည်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့ကြရာ ဝန်ကြီးနှင့်ညွှန်ကြားရေးမှူးတို့က တင်ပြချက်များအပေါ်ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်(ပူတာအို)**

# သမိုင်းဘာသာရပ်အပေါ်စိတ်ဝင်စားမှုပိုလာရန် မုံရွာတက္ကသိုလ် သမိုင်းဌာနတွင် ပြင်ပ ပညာရှင်များ၏သမိုင်းနှင့် ဗဟုသုတဖြစ်ဖွယ်များဟောပြော

**မုံရွာ ဖေဖော်ဝါရီ ၂၄**

ကျောင်းသား ကျောင်းသူများအနေဖြင့် သမိုင်းဘာသာရပ်အပေါ်ပိုမိုစိတ်ဝင်စားလာခြင်းနှင့်အတူ ပြင်ပဗဟုသုတများရရှိစေရန် ရည်ရွယ်၍ ယခုစာသင်နှစ်မှစတင်ကာ မုံရွာတက္ကသိုလ် သမိုင်းဌာနအနေဖြင့် ဌာနတွင်းပညာရှင်များ၏ ဟောပြောမှုအပြင် ပြင်ပပညာရှင်များကပါ ဟောပြောပို့ချပေးလျက်ရှိကြောင်း မုံရွာတက္ကသိုလ်သမိုင်းပါမောက္ခဌာနမှူး ဒေါက်တာကျော်ဆွေထံမှ သိရသည်။

"ဌာနတွင်းပညာရှင်တွေအပြင် ပြင်ပကပညာရှင်တွေရဲ့ သမိုင်းဆိုင်ရာဟောပြောပွဲတွေကို အခုနှစ်မှာစတင်ပြုလုပ်တာပါ။ အခုနှစ်မှာပြင်ပ ပညာရှင်နှစ်ဦးနဲ့ ဌာနတွင်းပညာရှင်နှစ်ဦးတို့ရဲ့ဟောပြောပွဲတွေကိုကျင်းပနေပါတယ်။ ဇွန်လမှာဖွင့်မယ့် ဒုတိယနှစ်ဝက်စာသင်နှစ်ကစပြီး အခုလိုဟောပြောပွဲတွေနဲ့အတူ ကျောင်းသား ကျောင်းသူနဲ့ ဆရာဆရာမတွေကို လွှတ်တော်လေ့လာရေးအစီအစဉ်နဲ့ သမိုင်းဝင် ပုဂံလေ့လာရေးခရီးစဉ်တွေပို့ဖို့ စီစဉ်နေပါတယ်" ဟု ဒေါက်တာကျော်ဆွေက ပြောကြားသည်။

ပြီးခဲ့သည့်ဇန်နဝါရီလအတွင်းက မုံရွာတက္ကသိုလ် သမိုင်းဌာနတွင် ဌာနတွင်းပညာရှင်များဖြစ်သော ပါမောက္ခဌာနမှူး ဒေါက်တာကျော်ဆွေက ရွှေစည်းခုံဘုရားကျောက်စာသမိုင်းအမြင်ကိုဟောပြောခဲ့ပြီး သမိုင်းပါမောက္ခဒေါက်တာမြမြရီကလည်း သမိုင်းဆိုင်ရာအချက်အလက်များကို ဟောပြောခဲ့သည်။ ပြင်ပပညာရှင်များအဖြစ် ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီက အငြိမ်းစားသမိုင်းပါမောက္ခ သမိုင်းအဖွဲ့ဝင်ဦးနီတွက်က သမိုင်းဘာသာရပ်ဖြစ်ရပ်နှင့်သမိုင်းအတွေးကိုဟောပြောခဲ့ရာ သမိုင်းကျောင်းသား ကျောင်းသူ ၅၀၀ ကျော်စိတ်ပါဝင်စားစွာ တက်ရောက်ခဲ့ကြောင်းသိရသည်။

ဆက်လက်၍ ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် သမိုင်းဌာန၌ မုံရွာမြို့နေစာရေးဆရာ ကဗျာဆရာကြီး(ဦး)အံ့မောင်က မုံရွာထဲကသမိုင်းကုန်ကြမ်းခေါင်းစဉ်ဖြင့် ဟောပြောပေးသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသောသမိုင်းဘာသာရပ်ကျောင်းသား ကျောင်းသူများသာမက အခြားဘာသာရပ်များမှစိတ်ပါဝင်စားသူများလည်း တက်ရောက်ဗဟုသုတရယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဒေါက်တာကျော်ဆွေထံမှ သိရသည်။

"သမိုင်းဘာသာရပ်အပေါ် အရင်ခေတ်တွေက ကျောင်းသား ကျောင်းသူတွေအနေနဲ့ စိတ်ပါဝင်စားမှုအင်မတန်နည်းခဲ့တာပါ။ သမိုင်းတက်တဲ့သူတွေဟာ လက်ချိုးတောင်ရေလို့ရခဲ့တဲ့အခြေအနေမှာရှိခဲ့ပါတယ်။ အခုအခါမှာတော့ သမိုင်းအပေါ် စိတ်ဝင်စားလို့ ထင်ပါတယ်။ မုံရွာတက္ကသိုလ်သမိုင်းဌာနမှာ တက်တဲ့ကျောင်းသား ကျောင်းသူ ၁၁၀၀ ကျော်ရှိတယ်ဆိုတာသိရတော့ အားရစရာကောင်းလှပါတယ်" ဟုသမိုင်းဆရာကြီးဟောင်း ဦးဝင်းမောင်(သမိုင်းဝင်းမောင်)ကပြောပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်ဖြင့် အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်သူကိုဗဟိုပြုရဲလုပ်ငန်းစနစ်(ဆင့်ပွား)သင်တန်း(၂/၂၀၁၇)မှ နည်းပြနှင့် သင်တန်းသားများသည် မှုခင်းများကြိုတင်ကာကွယ်မှုကို အခြေခံပြီး ဥပဒေကိုလေးစားလိုက်နာသော ပြည်သူလူထုနှင့် ပူးပေါင်း၍ ရပ်ရွာ၏ တွန်းအားဖြင့် ဆောင်ရွက်သော ရဲလုပ်ငန်းစနစ်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းမှ စတင်ကာ ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက်တစ်အိမ်တက်ဆင်း ပြည်သူများနှင့် ရင်းနှီးစွာဆွေးနွေး၍ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

သင်တန်းနည်းပြ ရဲအုပ် မြတ်ကိုဦးက "ရပ်ကွက်အတွင်း ဖြစ်ပွားတဲ့ မှုခင်းများကို ကြိုတင်ကာကွယ်ရန်အတွက်ရယ်၊ ပြည်သူ လူထုအနေဖြင့် လက်ရှိရဲတပ်ဖွဲ့ရဲ့ လုပ်ငန်းအပေါ်မှာ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူရဲ့အသံကို အိမ်တိုင်ရာရောက် စစ်တမ်းကောက်ယူခြင်းဖြစ်ပါတယ်။ ပညာပေးဆွေးနွေးခြင်းအနေနဲ့ ပြည်သူများကို ကိုယ်အိမ်ပဲဖြစ်စေ၊ အနားပတ်ဝန်းကျင်းမှာပဲဖြစ်စေ မူးယစ်ရမ်းကားတာပဲဖြစ်ဖြစ်၊ အခြားမှုခင်းနှင့် ပတ်သက်တဲ့ကိစ္စရပ်များကို ဒေါသရှေ့ထားပြီး မရင်ဆိုင်ကြဘဲ သက်ဆိုင်ရာကို အချိန်နဲ့တစ်ပြေးညီ အကြောင်းကြားမှသာ မှုခင်းများကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ရွာကောက်ရပ်ကွက်နေ ပြည်သူတစ်ဦးက "အိမ်ကို ရဲတွေဝင်လာတော့ ပထမ လန့်သွားတာပေါ့။ နောက်မှ သူတို့က မင်္ဂလာပါခင်ဗျာ၊ မင်္ဂလာပါအန်တီလို့ မိတ်ဆက်တော့မှ ရင်ထဲပေါ့သွားတယ်။ အန်တီတို့က ဒီလိုရဲတွေနဲ့ ရင်းရင်းနှီးနှီး တစ်ခါမှ မဆက်ဆံဖူးဘူး။ ခုတော့ ပွင့်ပွင့်လင်းလင်းဆွေးနွေးလို့ရတဲ့အပြင် ကိုယ့်မသိသေးတဲ့ အရာတွေကိုလည်းပြောပြတယ်။ အကြောင်းအရာတစ်ခုခုဖြစ်လာရင် အကြောင်းကြားဖို့ အတွက် ဖုန်းနံပါတ်တွေ၊ ပညာပေးလက်ကမ်းစာစောင်တွေပေးတော့ အန်တီတို့ အနေနဲ့ အားကိုးပါတယ်။ မှုခင်းပညာပေးလက်ကမ်းစာစောင်လေးတွေမှာ ဖုန်းနံပါတ်ပါတော့ ပိုမိုအဆင်ပြေပါတယ်"ဟု ပြောပြသည်။

**စိုးမိုး(ပြန်/ဆက်)**

# ကျေးလက်ဒေသများအထိ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်အောင် ဦးတည်ဆောင်ရွက်နေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

လူတိုင်းလက်လှမ်းမီ ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီခွဲက နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက "မြန်မာနိုင်ငံတော်ရဲ့ ၇၀ ရာခိုင်နှုန်းသော လူဦးရေဟာ ကျေးလက်ဒေသတွေမှာ နေထိုင်ကြပါတယ်။ နိုင်ငံတော်ရဲ့စားနပ်ရိက္ခာဖြစ်တဲ့ လယ်ယာလုပ်ငန်းတွေကို လုပ်ကိုင်စားသောက်နေသူတွေ ဖြစ်တာကြောင့် ကျန်းမာသန်စွမ်းပြီး ကျန်းမာရေးနဲ့ ညီညွတ်ဖို့အရေးကြီးပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ လိုအပ်တဲ့ဆေးဝါးများပံ့ပိုးပေးမှုများ၊ ဆေးဝါး၊ ပစ္စည်းကိရိယာများ ပံ့ပိုးမှုများအပြင် ကျန်းမာရေးဝန်ထမ်းများကိုလည်း နှစ်အလိုက်တိုးမြှင့်ခန့်ထားပေးလျက်ရှိတယ်။ ကျေးလက်ဒေသအထိ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်အောင်လည်း ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြောကြားသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲကို နေပြည်တော်ကောင်စီဝင်များ၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးများ၊ နေပြည်တော်ခုတင် (၁၀၀၀)ဆံ့ပြည်သူ့ဆေးရုံအုပ်၊ မြို့နယ်များမှ ပြည်သူ့ဆေးရုံအုပ်ကြီး၊ ကျန်းမာရေးဆိုင်ရာ ဖိတ်ကြားထားသူများ၊ အဖွဲ့ခေါင်းဆောင်ဆရာဝန်များ၊ မြို့နယ်များမှ ကျန်းမာရေးမှူးအဆင့်(၁)များနှင့် ဖိတ်ကြားထားသူများက အမျိုးသား ကျန်းမာရေးစီမံကိန်း ၂၀၁၇-၂၀၂၁ တွင်ပါဝင်သော ရည်မှန်းချက်ပန်းတိုင်များ၊ မဟာဗျူဟာများနှင့် လက်တွေ့အကောင်အထည် ဖော်ဆောင်မှုဆိုင်ရာများကို တက်ရောက်ဆွေးနွေးကြကြောင်းသိရသည်။ **(သန့်မောင်)**

ဗိုလ်မှူးကြီးသန်းမြင့် (ငြိမ်း) B.A တည်ထောင်အုပ်ချုပ်သည့်

**ပင်လုံနှင်းဆီ**

ကက-၁၃/၁၁/၂၂၅

**ကိုယ်ပိုင်အထက်တန်းကျောင်းနှင့်အဆင့်မြင့်ဘော်ဒါ**

**မူလတန်း၊အလယ်တန်း၊အထက်တန်း**

စည်းကမ်းကောင်းသောကျောင်း
သင်ကြားမှုကောင်းသောကျောင်းဖြစ်သည်။

- ကိုယ်ပိုင်ဆရာမှတ်ပုံတင်လက်မှတ်ရအတွေ့အကြုံရင့်(Ph.D, B.Ed, M.Sc, M.A)ဆရာ ဆရာမများမှစာသင်ခန်းအတွင်းတစ်ထိုင်တည်းရအောင်သင်ကြားပေးပါသည်။ Study guide များနှင့်တစ်နေ့စာတစ်နေ့အပြီးကျက်မှတ်ပေးပါသည်။
- ဂုဏ်ထူးဦးအောင်ခိုင်(အင်္ဂလိပ်စာ)နှင့် ပါမောက္ခ၊တွဲဖက်ပါမောက္ခ၊ကထိကများ၊ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့်လည်းထပ်ဆောင်းသင်ကြားပေးပါသည်။
- တိုင်းနှင့်ပြည်နယ် စာမေးပွဲမေးခွန်းဟောင်းများကို နေ့စဉ်၊အပတ်စဉ်၊ လစဉ်လေ့ကျင့်ဖြေဆိုစေပါသည်။တက္ကသိုလ်ဝင်တန်းအတွက် စာမေးပွဲကြီးမေးခွန်းပုံစံ(၅)ကြိမ် လေ့ကျင့်ဖြေဆိုစေပါသည်။
- ၂၀၁၅–၂၀၁၆ပညာသင်နှစ်တွင်ဖြဘာသာဂုဏ်ထူးရှင်(၂)ဦးနှင့်ဂုဏ်ထူးရှင်ပေါင်းများစွာမွေးထုတ်ပေးခဲ့ပါသည်။
- အဆင့်မြင့်ဆိတ်ငြိမ် လုံးချင်းအိမ်ရာတွင် ကျောင်းသား/ကျောင်းသူသီးသန့်စီ လုံးချင်းနှစ်ထပ်တိုက်များဖြင့် အဆင့်မြင့်သောဝန်ဆောင်မှုဖြစ်ပါသည်။
- ကျန်းမာရေးအတွက် အဆောင်တွင် ဆရာဝန်ထား၍ စောင့်ရှောက်ပေးပါသည်။

၂၀၁၇–၂၀၁၈ပညာသင်နှစ်အတွက် ဘော်ဒါအပ်နှံထားသောကျောင်းသား/သူများ
မတ်လ(၁၅) ရက်နေ့ညနေ (၅)နာရီ အဆောင်ဝင်ရပါမည်။

အမှတ်(၆၄/၆၅)၊ ဘုရင့်နောင်လမ်းမကြီး၊ ပင်လုံဥယျာဉ်အိမ်ရာ၊အမှတ်(၆၆–စ)၊ နှင်းဆီလမ်း၊ ပင်လုံဥယျာဉ်အိမ်ရာ၊ (Rose Park II)၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
Ph: 09-2400261, 09448541535, 09-8792106, 09250666874

**တရုတ်** | **ENGLISH Conversation Practice**

စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။ Sayar.Yang

ပြောလို့ပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း

Great Wall စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 49 285182

" Smarter Kids for a Better World ! "

**ဦးရဲဇော်လတ်**
M.A.(UFL)

**SUMMER ENGLISH**

Basic Grammar & Speaking
Grade 2 to Grade 9
မတ်လ(၆)ရက် ဖွင့်မြို

၁၀၁၆၊ ဘိုးရာဇာလမ်း၊ ၃၅-ရပ်ကွက်၊ ၃၅-မှတ်တိုင်အနီး၊ မြောက်ဒဂုံ၊
( -09-5057138,09-73175231)လူဦးရေအကန့်အသတ်ရှိသည်




ထွက်ပြီ

ပရိသတ်နှင့်
(၅)နှစ်ကြာ
ဝေးကွာခဲ့တဲ့
APRIL QUEENS
ပြန်လာပြီ




ထွက်ပြီ



Wall Street English®

THE NEW WAY TO LEARN ENGLISH
FOR BUSY ADULTS

HURRY!
Enjoy BIG SAVINGS!

AMAZING Early Bird Promotion is WAITING!

တိုက်အမှတ် (၁၁) Junction Square၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
www.wallstreetenglish.com.mm
www.facebook.com/wallstreetenglishmyanmar

01 50 33 70

PEARSON
ALWAYS LEARNING

ဗုဒ္ဓံ ဓမ္မံ သံဃံ ပူဇေမိ

瑞 新 金 鋪

ရွှေစင် IV
စိန်ရွှေရတနာဆိုင်

(မူလပထမနေရာဟောင်းတွင် စတုတ္ထဆိုင်ကို ထပ်မံဖွင့်လှစ်ပါသည်)

ရွှေစင် ရွှေဆိုင်၏ စတုတ္ထမြောက် ဆိုင်ခွဲသစ်ကို အမှတ် (731), 17 လမ်းနှင့် လမ်းမတော်လမ်းကြား၊ မဟာဗန္ဓုလလမ်းမပေါ် လသာမြို့နယ်၊ ရန်ကုန်မြို့တွင် ထပ်မံဖွင့်လှစ်လိုက်ပြီဖြစ်ပါကြောင်းနှင့် မိဘဘိုးဘွားများလက်ထက်မှ သားစဉ်မြေးဆက် ထိန်းသိမ်းလာခဲ့သော ရွှေစင် စိန်ရွှေရတနာဆိုင်ပေါ်မှာ မေတ္တာ၊ စေတနာ၊ ဂရုဏာ ကြီးမားစွာထားရှိသော မိဘပြည်သူ ညီအစ်ကိုမောင်နှမ မိသားစုအား ပထမဦးစွာ ရိုသေစွာ ဂါရဝပြုပါသည်။ တစ်စိုက်မတ်မတ်အားပေးနေကြသော မိတ်ဟောင်း မိတ်သစ်များကိုလည်း ဖြူစင်ရိုးသားစွာ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါသည်။

ရွှေစင် စိန်ရွှေရတနာဆိုင် မိသားစု
ဦးတင်ဦး + ဒေါ်လှမြင့်
ကိုကျော်သူ + မပြုံးကေခိုင်

ရတနာစိန်ကျောက် ဇယ်တောက် ကစားနိုင်ကြပါစေ

Shop (1) - No (745), မဟာဗန္ဓုလလမ်းနှင့် လမ်းမတော်လမ်းထောင့် (မီးပွိုင့်အနီး) လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ☎ 211211, 212345, 227833 (တနင်္ဂနွေနေ့တိုင်း ဆိုင်ပိတ်သည်။)
Shop (2) - No (746), မဟာဗန္ဓုလလမ်းနှင့် လမ်းမတော်လမ်းထောင့် (မီးပွိုင့်အနီး) လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ☎ 212121, 212122, 212567 (တနင်္လာနေ့တိုင်း ဆိုင်ပိတ်သည်။)
Shop (3) - No (757), 15 လမ်းနှင့် 16 လမ်းကြား၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ☎ 211311, 210521, 210506, 212028 (အင်္ဂါနေ့တိုင်း ဆိုင်ပိတ်သည်။)
Shop (4) - No (731), 17 လမ်းနှင့် လမ်းမတော်လမ်းကြား၊ မဟာဗန္ဓုလလမ်းမပေါ်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ☎ 212112, 226461, 210469, 2315555 (ဗုဒ္ဓဟူးနေ့တိုင်း ဆိုင်ပိတ်သည်။)

မူလပထမနေရာဟောင်းတွင်ဖွင့်လှစ်ပါသည်။

ရှိုင်ရယ် ပဏ္ဍာမြား
တောင်ငူ-သံတောင်ကြီး အထူး
နော်ဘူဘော Promotion
နေ့ချင်းပြန်ဇိုက်ပြီး 30000/-
March 1
Ph:09-252055609

ရောင်းမည်
သန်လျင် Star City ကွန်ဒို
ဇုန် B, 2 Bed Room
ဖုန်း-09-797932 655
အကျိုးဆောင်၊ ကြော်ငြာမလိုပါ။

အောင်ပြည့်စုံ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

မာ် SEVEN စုံ
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးချေသည်၊
"ပွဲခ လုံးဝ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644




သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

## ကြော်ငြာ

၈တန်း အစိုးရစစ်ပညာရေးအတွက် အရည်အချင်းပြည့်ဝစေရန်နှင့် ထူးချွန်စွာတက်မြောက် အောင်မြင်လိုသူများအတွက် ဘော်ဒါကျောင်းသား/သူ(၁၀)ဦးသာ လက်ခံသင်ကြားမည်။

၉တန်း တက္ကသိုလ်ဝင်တန်းကို မျှော်မှန်း၍ အခြေခံကောင်းများနှင့် ထူးချွန်စွာတက်မြောက် အောင်မြင်လိုသူများအတွက် ဘော်ဒါကျောင်းသား/သူ (၁၅)ဦးသာ လက်ခံသင်ကြားမည်။

၁၀တန်း နှစ်စဉ်(၆)ဘာသာ(၅)ဘာသာ ဂုဏ်ထူးထွက်ရှိနေသော အစဉ်အလာကို ထိန်းသိမ်းသောအားဖြင့် ဘော်ဒါကျောင်းသား၊ကျောင်းသူ (၂၅)ဦးသာ လက်ခံသင်ကြားပေးမည်။

ZWARE FAMILY EDUCATION CENTRE

ပညာ့ဗိမာန် Since1996

ဦးဇေမြိုး M.Sc(Chem:)

ကိုယ်တိုင်သင်ကြား၊ အုပ်ချုပ်သော

ဂ၉၊၁၀တန်း

# ဇွဲ ပညာ့ဗိမာန်

စာသင်၊စာကျက်၊စာစစ်

ဝိုင်း | Camp | အသင့်ဖြင့် ဘော်ဒါ

ဒေါက်တာဦးကျော်ကျော်စိုး + ဆရာမကြီးဒေါ်ယဥ်ဝိမ်း

၁၉၉၆ခုနှစ်တွင် တည်ထောင်သည်။

၂၀၁၅-၂၀၁၆ပညာသင်နှစ်တွင်(၆)ဘာသာဂုဏ်ထူးရှင်(၅)ဦး၊(၅)ဘာသာဂုဏ်ထူးရှင်(၄)ဦး (၄)ဘာသာဂုဏ်ထူးရှင်(၃)ဦးနှင့် ဂုဏ်ထူးရှင်များစွာမွေးထုတ်ပေးနိုင်ခဲ့ပါသည်။

ထူးချွန်ထက်မြက်ရန် လူနဲ့စုသာသင်တဲ့ ဇွဲ ပညာ့ဗိမာန်မှာ သင်ပါ။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ။

ကျား/မဘော်ဒါဆောင် သီးသန့်စီစဉ်ထားရှိသည်။

ဂ၉၊၁၀တန်း(DAY) ■ မတ်လ(၉)ရက်စမည်

ဂ၉၊၁၀တန်း(ဘော်ဒါ) ■ မတ်လ(၂၃)ရက်စမည်

ဝတန်း၊၉တန်း ဘာသာစုံစာသင်ဝိုင်းများ နှင့် တက္ကသိုလ်ဝင်တန်းအတွက် ပုံမှန်ဝိုင်းများ

(၄၉၀/၄၉၉)၊မော်ရုံလမ်းမကြီး၊မြိုင်ခွဲ၊(၁၀)ရပ်ကွက်၊လှိုင်မြို့နယ်။

Ph: 09-50 777 57, 09-514 3973

---

သင့်ကလေးငယ်များ ကိုယ်ပိုင်ဉာဏ်စွမ်းရည်တိုးတက်ကာ အတွေးအခေါ်ကောင်းများရှိစေရန်

SAKAMOTO MYANMAR

# "ဆာကာမိုတိုဂျပန်သင်္ချာ" တွက်နည်း

နွေရာသီအထူး သင်တန်း

SAKAMOTO METHOD サカモト式

အပတ်စဉ် စနေနေ့တိုင်းမှာလည်း မိဘအုပ်ထိန်းသူနှင့်တကွ အစမ်းလာရောက်လေ့လာတွက်ချက်နိုင်ပါသည်

အမှတ်-၂၀၂၊ ၃လွှာ၊ မြေနုလမ်း၊ Grand Myaynu Condo ၊စမ်းချောင်း၊ရန်ကုန်မြို့။Ph:09 792797979,09 968070644

အမှတ် - ၇/၁၃၊၆၂လမ်း၊ သိပ္ပံလမ်းနှင့် ပိတောက်လမ်းကြား၊ မန္တလေးမြို့။ Ph: 02 2847629,02 80223,09 779840288

---

# မင်္ဂလာပါ

အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း

မြို့တွင်း/နယ်ဝေးများအတွက်

ဈေးနှုန်းချိုသာစွာဖြင့်

Box ကားမျိုးစုံဖြင့်

အလုပ်သမားစီစဉ်ပေးသည်။

09-450042704

09-250095116

09-420096296

---

N.G.E.S အင်္ဂလိပ်စာ သင်တန်း

(နွေရာသီ နှင့် ပုံမှန်) တန်းခွဲများ

အင်္ဂလိပ် စကားပြော သဒ္ဒါနှင့် အရေးအဖတ် (၅နှစ်မှ ၁၅နှစ်)(၁၆ နှစ်မှအထက်)

(English For Speaking, Listening, Reading & Grammar) + (Essay, Letter & Story Writing)

နွေရာသီ၊ မတ်၊ ဧပြီ၊ မေ(၃)လ သင်တန်းများအတွက်

ကျောင်းအပ်လက်ခံပြီ။

၉၄၊ ၅လမ်း (အထက်/လမ်းတို) လမ်းမတော်၊ရန်ကုန်မြို့။

095079896, 095005219,09799675960

---

လူ့ဘဝဆိုတာတိုတောင်းပါတယ်။ ရှင်သန်စဉ်နေ့ရက်တိုင်းမှာ တစ်ထောင့်တစ်နေရာမှ တတ်စွမ်းသလောက်ဖြည့်စွက်ရန်ရည်ရွယ်၍ ....

စာသင်ကောင်း၍ စေတနာပါသော ဆရာ၊ ဆရာမများ စုစည်းမှုဖြင့်

ဒေါက်တာဟိန်းထွဋ်တည်ထောင်သော

# ၁၈လမ်းဝိုင်း

၉ တန်း၊၁၀ တန်း(အယောက် ၂၀ သီးသန့်) အထူးစာသင်ဝိုင်းများ

မိဘ၊ကျောင်းသားများ၏ တောင်းဆိုချက်အရ

- ညနေပိုင်း (၃)နာရီခွဲ တန်းခွဲသစ်
- (၁၀)ယောက် သီးသန့်အထူးတန်းခွဲသစ်
- (စနေ၊ တနင်္ဂနွေ) တန်းခွဲသစ်များကို ထပ်မံဖွင့်လှစ်လိုက်ပါပြီ ... ။

ယခုစာသင်နှစ်အတွက် နောက်ထပ်တန်းခွဲသစ်များ ထပ်မံဖွင့်လှစ်ပေးနိုင်တော့မည် မဟုတ်ပါသဖြင့် အမြန်အပ်မှ စိတ်ချရပါမည်။

ကျောင်းသား/သူ အများစုဟာ အိမ်မှာ ဝေ့လည်ဝေ့လည် ဖြစ်နေတတ်ကြပါတယ်။ ဒါကြောင့် အထူးကြပ်မတ်စာကျက်ဝိုင်းကိုပါ စီစဉ်ထားပါတယ်။

## ✷ အထူးကြပ်မတ် စာကျက်ဝိုင်းများ ✷

- မိမိရည်မှန်းထားသော အောင်မြင်မှုကိုရယူနိုင်ရန်အတွက် စနစ်ကျသောနည်းဗျူဟာလိုအပ်ပါသည်။ နည်းဗျူဟာနှင့်ချဉ်းကပ်ပုံ မမှန်ကန်ပါကမည်မျှပင် ကြိုးစားပါစေ မျှော်မှန်းသလောက်ရလဒ် မကောင်းနိုင်ပါ။
- ယခုစာကျက်ဝိုင်းတွင် **ဒေါက်တာဟိန်းထွဋ်** ကိုယ်တိုင် အနီးကပ်ကြီးကြပ်၍ စနစ်ကျသော မှတ်တမ်းမှတ်ရာများ၊ နည်းလမ်းများဖြင့် ပုံမှန်လမ်းရိုး၊ လမ်းဟောင်းမှ ခွဲထွက်ကာ ကလေး တစ်ဦးချင်းစီကို လက်တွဲခေါ်ပါမည်။
- အိမ်တွင် Guide ခေါ်ယူကြသောအခါ အချိန်မလုံလောက်မှုကြောင့် အဖြစ်များနေကြသော 'လေကျင့်ကျက်မှတ် သင်ယူမှုများတွင် ဟာကွက် ဖြစ်နေမှုများ' ကိုပါ အကောင်းဆုံး ဖြည့်စွက်ထောက်ကူ လေ့ကျင့် ကျက်မှတ် ပေးသွားပါမည်။
- လောကတွင်အရာရာကို စိတ်ကဦးဆောင်ပါသည်။ အောင်မြင်ချင်စိတ်ကိုပိုင်ဆိုင်ထားသော ကလေးတစ်ယောက်အတွက်အောင်မြင်မှုက လက်တစ်ကမ်းအကွာတွင်သာရှိပါသည်။ ယခုစာကျက်ဝိုင်းတွင် ကလေးများကိုအောင်မြင်ရေးဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြုပြင်သင်ကြားပေးမှု(Motivation)များကိုပါ သင်ကြား လေ့ကျင့်ပေးသွားပါမည်။

(သင်ကြားလေ့ကျင့်ပေးမည့်ပုံစံများ၊ စနစ်ကျသော မှတ်တမ်းမှတ်ရာများကို ကျောင်းခန်းမတွင် လာရောက်စုံစမ်းဆွေးနွေး နိုင်ပါသည်။)

### ကျောင်းခန်းမလိပ်စာ

အမှတ်(၁၂၆ / ၁၂၈)၊ ဒုတိယထပ် (ဓာတ်လှေခါးတွင် နံပါတ်-၂ ကိုနှိပ်ပါ )၊

၁၈လမ်း (အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား)၊ လသာမြို့နယ်၊ ရန်ကုန်မြို့ ။

ဖုန်း ၀၉-၄၅၇၇၇၉၀၆၇၊ ၀၉-၇၆၇၇၇၄၇၀၉

မတ်လ(၆)ရက်နေ့တွင် စပါမည်။ ကျောင်းအပ်လက်ခံပါပြီ ...



## ကြော်ငြာ

**GOLDEN STAR**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

**TOP STAR**
ကျိုက်ထီးရိုး/ချောင်းသာ
ရွှေစက်တော်/ပုဂံ၊ ညောင်ဦး၊ ကားစီးလုံး
တောင်ကြီး၊ အင်းလေး ငှားစီစဉ်
အလောင်းတော်ကဿပ ပေးသည်
09-43179331,448544658

**ကား** မျိုးစုံ
Alphard, Hiace ၉/၁၃ယောက်စီး၊
အနီးစားတင်၊ ၂၄/၃၃/၃၇/၄၅/၄၉ယောက်
စီးများကိုခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်
ပိုင်ရှင်များကိုယ်တိုင်ချိုသာသောဈေးနှုန်း
ဖြင့်အငှားလိုက်ပါသည်။
Ph: 09795549249,095418126

**COHABO**
ချောင်းသာ/ငွေဆောင်
ဝရိတ်ဖြိမ်း-100000
Ph-09 785161773
09 516 1773

**ရွှေပင့်ကူ**
မြတ်ဓမ္မတင်ရွှန်း ဟိုင်းကြီးငွေတောင် 35000
မန်းရွှေစက်တော်၊ မကွေး၊ မင်းဘူး၊ ပြည် 40000
Mar - 3,10 ထွက်မည်
09-450224339, 09-73130346

'ဓမ္မဘိဦးကိုပူးကြနို့'
**မော်တင်စွန်းနှင့်ချောင်းသာ**
(35000 Ks) (3.3.2017) (10.3.2017) ထွက်မည်
ရွှေစေတီ
Ph:09 450024419
09 790629747

PNY EC
အခြေခံကောင်းတွေရဖို့ "ပညာရှာ" မှာ ကျောင်းတက်စို့
**ပညာရှာ** အဆင့်မြင့်ဘော်ဒါ နှင့် နေ့တက်ကျောင်း
၂၀၁၇-၂၀၁၈ အတွက်
ကျောင်းအပ်လက်ခံနေပါပြီ။




လူဦးရေ ☞ ၈ တန်း - ၁၀ ဦး / ၉ တန်း - ၂၀ ဦး / ၁၀ တန်း - ၃၀ ဦး အမြန်စာရင်းသွင်းပါရန်
အမှတ်(၇၇)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့။
☎: 01-510617 📱: 09-5055412, 09-96 5055412

AUTHENTIC MYANMAR
အချိန်ကောင်းရောက်ပြီမို့ Authentic နှင့် ခရီးသွားစို့ ....

| | | | |
|---|---|---|---|
| ၀၁ မတ်လ ၂၀၁၇ | စင်ကာပူ | (၀၄ ရက်/၀၃ ည) | ၆၉၀ ဒေါ်လာ / ၂၀ ယောက် |
| ၁၀ ဧပြီလ ၂၀၁၇ | ဩစတြေးလျ | (၁၁ ရက်/၁၀ ည) | ၃၈၂၀ ဒေါ်လာ / ၂၀ ယောက် (ပြည်တွင်းလေယာဉ်ခရီးစဉ် ၂ ကြိမ်) |
| ၁၃ ဧပြီလ ၂၀၁၇ | ဥရောပ(၃)နိုင်ငံ | (၁၂ ရက်/၁၁ ည) | ၂၉၆၅ ဒေါ်လာ / ၂၀ ယောက် (ပြည်တွင်းလေယာဉ်ခရီးစဉ် ၁ ကြိမ်) |
| ၁၄ ဧပြီလ ၂၀၁၇ | ဗီယက်နမ်(ဟိုချီမင်း) | (၀၄ ရက်/၀၃ ည) | ၄၉၀ ဒေါ်လာ / ၂၀ ယောက် |

Call Us +959 768 40 59 50 ~ 53 ,+195 99 99 05 81, +959 96 51 20 426 Viber

Since 1986
**KMD** Institute



**Social Media for Teens**
Now Opening

ယနေ့ခေတ် Social Meida တွင်ရေပန်းစားအသုံးများတဲ့ Facebook ကို
နည်းမှန်လမ်းမှန်ဖြင့် မိမိနှင့်မိမိ ပတ်ဝန်းကျင်အတွက် အကျိုးရှိရှိ၊ လုံခြုံစိတ်ချစွာဖြင့်
အသုံးပြုတတ်ရန်လိုအပ်ပါတယ်။

- Facebook account အသစ်ပြုလုပ်ခြင်း
- Cyber နောက်ယှက်မှုများကိုကာကွယ်ခြင်း
- ဝါသနာတူ အစုအဖွဲ့များပြုလုပ်ခြင်းများ
- Facebook အသုံးပြုနေသည့် မိမိရဲ့ဖုန်းကိုလုံခြုံစိတ်ချအောင်ပြုလုပ်နည်းများကို သင်ကြားပေးသွားပါမည်။
- မိမိကိုယ်ရေးအချက်အလက်များကိုထိန်းသိမ်းခြင်း
- သူငယ်ချင်း မိတ်ဆွေအဖြစ်လက်ခံခြင်း
- မိမိတို့သွင်းထားသောအချက်အလက်များကို ကန့်သတ်ခြင်းများ

(ပန်းဆိုးတန်း) ၃၈၀၀၃၅ ၃၉၁၂၈၆ | (မြေနီကုန်း) ၅၂၇၄၃၆ ၅၀၂၂၃၃ | (လမ်းမတော်) ၂၂၀၅၅၅ | (တာမွေ) ၅၄၁၃၂၈ | လှည်းတန်း(၁)၊(၂) ၅၂၄၄၀၀ ၅၀၂၂၁၁ | (သိမ်ကြီးဈေး) ၃၈၄၂၆၈ ၃၈၄၆၄၀

အားလုံး အားလုံး ပျော်ဖို့ . . .
**HAPPY®**
30g



၂၀၀ ကျပ်မှ ၅၀၀၀ ကျပ်အထိ
**ဗလာမပါ** ငွေသားကံစမ်းမဲများ
ထည့်သွင်းပေးထားပါသည်။

**ဗလာမပါ**
ငွေသားကံစမ်းမဲ

ဂမုန်းပွင့် စံရိပ်ငြိမ်
အမှတ် (၉၆-၁၀၈)၊ ရန်ကုန် အင်းစိန်လမ်း စံရိပ်ငြိမ်၊ ကမာရွတ်မြို့နယ်။

Summer Sale Double Chance!
25 Feb 2017 to 31 Mar 2017

ဂမုန်းပွင့် ( စံရိပ်ငြိမ်) ပထမထပ်ရှိ ဂမုန်းပွင့် အရောင်းကောင်တာများတွင် ၂၅ -၂-၂၀၁၇ မှ စ၍ တစ်နေ့တာအတွင်း ကျပ် 50,000/- ဖိုးနှင့်အထက် ဝယ်ယူသူတိုင်း ကျပ် 5000/- ဖိုး ကူပွန်တစ်ခု ရရှိပါမည်။
ထိုကူပွန်ဖြင့် ဂမုန်းပွင့်(စံရိပ်ငြိမ်) ရှိအောက်ပါ စားသောက်ဆိုင်များတွင် ပြန်လည်ဝယ်ယူစားသောက်နိုင်ပြီး Discount နှင့် လက်ဆောင်များ ထပ်မံရရှိနိုင်မည့် အခွင့်အရေး ဖြစ်ပါသည်။


LOTTERIA | J.Donuts | Marrybrown | bakery plus | HAPPY CAFÉ & NOODLES | Chatime | Ice Berry | HOLLYWOOD
K BOX KARAOKE | ICE MANIAS | CHA THAI | Parisian | Tokyo Tomato | Uncle Bird Food & Snacks
Mr. Chef | Rice Shop | SK HOT POT | FRESH THAI | Pizza Hut | Moon Bakery

Buy 50000/-& Up
Get 5000/-Coupon......
Get more Discount&Gifts
@ Restaurant & Cafe´



POLAR FROST® Pain Relieving Cold Gel
FINLAND
Polar Frost Pain Relieving Gel သည် ကြိုးပေါင်းဖြစ်ခြင်း၊ အကြောတက်ခြင်း၊ နူးနာခြင်း၊ ခါးနာခြင်း၊ အရိုး၊ အကြော နှင့် ပတ်သက်သော ရောဂါများ။ အဆစ်အမြစ်ရောင်ခြင်း၊ အားကစားသမားများ ထိခိုက်ဒဏ်ရာ ရခြင်းတို့ကို သက်သာပျောက်ကင်းစေပါသည်။
150ml Tube | 75 ml Roll on | 5g sachet | 500ml Pump
5g နှင့် 500ml pump ဘူးများကို ဖုန်း - ၀၉-၅၁၀၈၁၃၈၄ တွင် ရောင်းချပေးပါသည်။
CE Approved | FDA
MM Reg No. 1809AA6180
